# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ခုနှစ် နိုဝင်ဘာလ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈)၊ အမှတ်(၁၀၇)၊ ၁၃၈၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၃ ရက်၊ ၁၆-၃-၂၀၂၅၊ တနင်္ဂနွေနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည်သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ် ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်ရှိ Asia World Port Terminal-AWPT ဆိပ်ကမ်းတံတားအတွင်း ဆိပ်ကမ်းလုပ်ငန်းများဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဆိပ်ကမ်းလုပ်ငန်းကဏ္ဍစွမ်းဆောင်နိုင်မှုအခြေအနေများနှင့် ကုန်သွယ်မှုဆိုင်ရာအခြေအနေများ သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၁၅

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်ရှိ Asia World Port Terminal-AWPT ဆိပ်ကမ်းသို့ သွားရောက်၍ ဆိပ်ကမ်းလုပ်ငန်းကဏ္ဍ စွမ်းဆောင်နိုင်မှုအခြေအနေများနှင့် ကုန်သွယ်မှုဆိုင်ရာအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ စာမျက်နှာ ၃ သို့★

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်

**နေပြည်တော် မတ် ၁၅**

**မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** ကချင်ပြည်နယ်တွင် နေရာကျဲကျဲနှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

**မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ** တနင်္သာရီတိုင်းဒေသကြီးတွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာမည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**မိုး/ဇလ**

၀-၀-၀-၀-၀

၂၀၂၅ ခုနှစ်၊ မတ် ၁၆ ရက်၊ တနင်္ဂနွေနေ့။

မန္တလေး

## ပညာကို ကြိုးစားရှာဖွေရမည်

လူ့ဘဝတွင် ပထမအရွယ်၌ ပညာကိုကြိုးစားရှာဖွေကြရမည်ဖြစ်သည်။ ပညာတတ်အောင်လည်း သင်ကြားကြရမည်ဖြစ်သည်။ ပထမအရွယ်၌ ပညာမသင်ကြားခဲ့သော် ဒုတိယအရွယ်၌ စီးပွားရှာဖွေရန် ခက်ခဲနေပေလိမ့်မည်။ စီးပွားဥစ္စာမပြည့်စုံခဲ့သော် တတိယအရွယ်၌ တရားဓမ္မရှာဖွေနိုင်မည်မဟုတ်ပေ။ စတုတ္ထအရွယ် ကွယ်လွန်ချိန်တွင်ကား ဘာမျှလုပ်နိုင်တော့မည် မဟုတ်ပေ။

ထို့ကြောင့် 'အစကောင်းမှ အနှောင်းသေချာ' ဆိုသောစကားအတိုင်း လူ့ဘဝ၏အဖိုးတန်ဆုံးသောအချိန်ကာလသည် ပထမအရွယ်ကျောင်းသား၊ ကျောင်းသူများ၏ လူငယ်ဘဝဖြစ်သည်။ လူငယ်ဘဝတွင် အကောင်းဆုံးသောအရာများကို ပိုင်ဆိုင်နိုင်အောင် လုပ်ဆောင်ကြရန် အရေးကြီးလှသည်။ ကျောင်းပညာရပ်များ သင်ယူရမည့်အချိန်တွင် အခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်းပညာရပ်များကို ဆုံးခန်းတိုင်အောင် သင်ကြားကြရမည်ဖြစ်သည်။ အခြေခံပညာအဆင့်သည် လူငယ်ဘဝ၏ ပထမလှေကားထစ်ဟု ဆိုနိုင်သည်။ စာမေးပွဲအဆင့်ဆင့်ကို အောင်မြင်အောင် ကြိုးစားနိုင်ခြင်းသည် ပထမဆုံးသော လှေကားထစ်ကို အောင်မြင်စွာ ကျော်ဖြတ်လိုက်ခြင်းပင်ဖြစ်သည်။

ယခုအခါ သတ်မှတ်ထားသော လှေကားထစ်ကျော်ဖြတ်နိုင်ရေးအတွက် မတ် ၁၇ ရက်တွင် တက္ကသိုလ်စာမေးပွဲ ဖြေဆိုကြရမည်ဖြစ်သည်။ စာမေးပွဲဖြေဆိုမှု နီးကပ်လာသည်နှင့်အမျှ အဓိကအချက်မှာ ကျန်းမာရေးဂရုစိုက်ဖို့ လိုအပ်မည်ဖြစ်သည်။ ကျန်းမာရေးကောင်းမွန်ပါမှ စာမေးပွဲ ဝင်ရောက်ဖြေဆိုနိုင်မည်ဖြစ်သည်။ ဒုတိယအချက်မှာ ကျက်မှတ်ထားသော စာများမမေ့စေရန် ထပ်တလဲလဲ ပြန်လည်ကျက်မှတ်နေရမည်ဖြစ်သည်။

လူငယ်ဆိုသည်မှာ တက်ကြွပြီး ကြိုးစားလိုစိတ်ရှိသည်။ လူငယ်တိုင်းတွင် တူညီသောစိတ်မှာ မခံချင်စိတ်ဖြစ်သည်။ ထိုမခံချင်စိတ်ကို ကောင်းသည့်ဘက်တွင် အသုံးပြုကာ မိမိတို့ဘဝတက်လမ်းကို လျှောက်လှမ်းကြရမည်ဖြစ်သည်။ ကောင်းသည့်ဘက်တွင် ယှဉ်ပြိုင်ခြင်းသည် အကောင်းဆုံးကို ရောက်အောင်ကြိုးစားခြင်းဖြစ်သည်။ လူငယ်တိုင်းသည် ကောင်းသောယှဉ်ပြိုင်မှုဖြင့် ကြိုးစားကြမည်ဆိုလျှင် ပထမအရွယ်ကို အောင်မြင်မြင် ဖြတ်သန်းနိုင်ကြမည်ဖြစ်သည်။ ပထမအရွယ်ကို အောင်မြင်သွားမည်ဆိုပါက ဒုတိယအရွယ်ဟူသော စီးပွားရှာဖွေချိန်တွင် အခက်အခဲရှိတော့မည်မဟုတ်ပေ။ ကြိုးစားသင်ယူတတ်မြောက်ထားသော ပညာအရည်အချင်းသည် မိမိတို့ဘဝကို မြှင့်တင်ပေးသွားမည်သာဖြစ်သည်။

ယနေ့ပညာကိုကြိုးစားရှာဖွေကြရန် အခွင့်အလမ်းကောင်းများစွာရှိနေပြီဖြစ်ရာ ကျောင်းသား၊ ကျောင်းသူ လူငယ်များသည် ကျောင်းတွင်း၌ရော ကျောင်းပြင်ပမှာပါ ပညာကိုကြိုးစားရှာဖွေကြရမည်ဖြစ်သည်။ ယနေ့အချိန်အခါတွင် ပညာရပ်များသည် အချိန်တိုင်း တိုးတက်လျက်ရှိသည်။ ကျောင်းစာသင်ခန်းတွင်သင်ကြားနေသော သင်ခန်းစာများသည် လူငယ်တို့၏အသိဉာဏ်ကို ဖွံ့ဖြိုးစေသည်။ စာရိတ္တကို ခိုင်မာစေသည်။ စိတ်ထားဖြူစင်မှုကို ဖြစ်ပေါ်စေသည်။

သို့ဖြစ်ရာ ပညာခေတ်တွင် ကာယ၊ ဉာဏ၊ စာရိတ္တ၊ ရသ သက်မွေး၊ ဘက်စုံပညာရေးကဏ္ဍတိုးတက်လာသော ပညာလက္ခဏာများဖြစ်သကဲ့သို့ ပညာရှာဖွေရန် အခွင့်အလမ်းကောင်းများရှိနေပြီဖြစ်ရာ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ပထမအရွယ်တွင် ပညာကိုကြိုးစားရှာဖွေကြရမည်ဖြစ်ပြီး တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများအောင်မြင်အောင် ဖြေဆိုနိုင်ကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## မန္တလေးပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်တွင် ကြိုတင်သွေးလှူဒါန်းသူ ပိုမိုတိုးတက်များပြားလာ

**မန္တလေး မတ် ၁၅**

မန္တလေးပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်မှ သွေးလိုအပ်သော လူနာများအတွက် သွေးလိုအပ်မှု ဖြည့်ဆည်းပေးနိုင်ရေးအတွက် ကြိုတင်သွေးလှူဒါန်းသူနှင့် လိုအပ်၍ သွေလှူဒါန်းသူများရှိရာ ကြိုတင်သွေးလှူဒါန်းသူ ပိုမိုတိုးတက်များပြားလာကြောင်း သွေးလှူဘဏ်စာရင်းများအရ သိရသည်။ **(အောက်ပုံ)**

သွေးလှူရှင်အဖွဲ့များနှင့် တစ်သီးပုဂ္ဂလ သွေးလှူဒါန်းသူများကြောင့် သွေးလိုအပ်သူများအတွက် စိုးရိမ်ပူပန်မှု၊ အကူအညီတောင်းခံမှုများ သက်သာ၍ အချိန်မီကုသမှုဆောင်ရွက်နိုင်မည်ဖြစ်ပြီး သွေးလှူရှင်များအား နိုင်ငံတော်မှ လူမှုထူးချွန်ဆုများဖြင့် ဂုဏ်ပြုလျက်ရှိသည်။

"သွေးနဲ့ပတ်သက်လို့ ဝန်ဆောင်မှုမှာ နိုင်ငံတော်ကလည်း ဘဏ္ဍာငွေလုံလောက်စွာ ထောက်ပံ့ပေးနေပါတယ်။ သွေးလိုအပ်ချိန်မှာ သွေးလှူရှင်အဖွဲ့တွေကလည်း ရှာဖွေလှူကြလို့ စာရင်းဇယားတွေအရ ၂၀၂၄ ခုနှစ်မှာ ကြိုတင်သွေးလှူဒါန်းသူ ပိုမိုတိုးတက်လာတာတွေ့ရတယ်"ဟု ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပါမောက္ခ ဒေါက်တာ အေးထွန်းက (၄၆)ကြိမ် သွေးလှူရှင်ဂုဏ်ပြုပွဲတွင် ပြောကြားခဲ့သည်။

မန္တလေးပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်တွင် ၂၀၂၄ ခုနှစ်၌ မလိုအပ်မီ ကြိုတင်သွေးလှူဒါန်းသူ ၁၃၄၅၉ ဦး၊ လိုအပ်၍ လာရောက်လှူဒါန်းသူ ၁၁၂၂၆ ဦး စုစုပေါင်း ၂၄၆၈၅ ဦးရှိကြောင်း၊ ၂၀၂၃ ခုနှစ်တွင် မလိုအပ်မီက ကြိုတင်လှူဒါန်းသူ ၁၀၄၅၆ ဦးနှင့် လိုအပ်၍ လာရောက်လှူဒါန်းသူ ၁၁၁၈၈ ဦး၊ စုစုပေါင်း ၂၁၆၄၄ ဦးရှိရာ ၃၀၀၀ ကျော် တိုးတက်လာကြောင်း သိရသည်။

"ကြိုတင်သွေးလှူဒါန်းသူတွေရှိမှသာ ပြည့်ဝတဲ့ အရည်အသွေး ဝန်ဆောင်မှုပေးနိုင်မှာပါ။ ဒါကြောင့် စေတနာသွေးလှူရှင်တွေအနေနဲ့ ထပ်မံအားဖြည့်ပြီး မလိုအပ်ခင်က ကြိုတင်လှူဒါန်းမှု ရာနှုန်းပြည့်အောင် ကူညီပေးကြပါလို့ တိုက်တွန်းလိုပါတယ်။ အမျိုးသားသွေးဌာနက ရာနှုန်းပြည့်ထောက်ပံ့ပေးနိုင်ဖို့နဲ့ မလိုအပ်ခင်ကတည်းက ကြိုတင်လှူဒါန်းနိုင်အောင် Blood Management System (BMS)Software နဲ့ ဆောင်ရွက်ထားပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

BMS စနစ်ကို မန္တလေးပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်တွင် ၂၀၀၆ ခုနှစ်က စတင်အသုံးပြုနေပြီဖြစ်သည့်အတွက် အမျိုးသားသွေးဌာနအနေဖြင့် Advanced Adequate Strategy Blood Banking Service ဖြင့် လူနာများအား ထောက်ပံ့ပေးနေကြောင်း၊ ယနေ့တွင် သွေးလှူရှင်စုဆောင်းမှုစနစ်တကျဖြစ်စေရန် BMS စနစ်ကို ဆေးရုံကြီး ၃၇ ရုံမှ သွေးလှူဘဏ်များတွင် အသုံးပြုဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-ဇ)**



## မိုင်းယန်းမြို့နယ်၊ ယန်းခိုင်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**မိုင်းယန်း မတ် ၁၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယန်းခရိုင်၊ မိုင်းယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း VDP စီမံကိန်းဖြင့် ယန်းခိုင်ကျေးရွာတို့၌ ကုန်ထုတ်လမ်း ဂျင်းမြေခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယမန်နေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းယန်းခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရန်ကျော်၊ မိုင်းယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်လင်းထွန်းနှင့် စီမံကိန်းတာဝန်ခံများ၊ ခရိုင်၊ မြို့နယ်တာဝန်ခံ အင်ဂျင်နီယာများ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ယန်းခိုင်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေဖြင့်ကုန်ထုတ်လမ်း ဂျင်းမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ဆောင်ရွက်ပြီးလုပ်ငန်းများကို ဝိုင်းဝန်းထိန်းသိမ်းကြရန်လိုအပ်ကြောင်း မှာကြားသည်။ **(အပေါ်ယာပုံ)**



မိုင်းယန်းမြို့နယ် ယန်းခိုင်ကျေးရွာ၌ ယခုဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း (VDP)စီမံကိန်းရန်ပုံငွေ ကျပ် ၁၅ သန်းနှင့် ပြည်သူထည့်ဝင်ငွေ ကျပ် ၁ သန်း၊ စုစုပေါင်း ငွေကျပ် ၁၆ သန်း အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် အဆိုပါကျေးရွာ၌ ကုန်ထုတ်လမ်း အရှည် ပေ ၁၉၈၀၊ အကျယ် ၁၂ ပေ၊ အမြင့် ၉ လက်မရှိ ကျေးရွာကုန်ထုတ်လမ်း ဂျင်းမြေခင်းခြင်းလုပ်ငန်းကို ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် နိုဝင်ဘာလ ဒုတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**အောင်ရဲကျော်**

## မန္တလေးမြို့၌ ပန်းချီဆရာ မြတ်မင်းထွေး၏ "ကျေးလက်ဌာနေ စိတ်ရှက်လှေ" အမည်ဖြင့် တစ်ကိုယ်တော်ပန်းချီပြပွဲ ဖွင့်လှစ်ပြသ



**မန္တလေး မတ် ၁၅**

ပန်းချီဆရာ မြတ်မင်းထွေး၏ "ကျေးလက်ဌာနေ စိတ်ရှက်လှေ" အမည်ဖြင့် တစ်ကိုယ်တော်ပန်းချီပြပွဲကို ယနေ့ နံနက် ၉ နာရီက မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ ၅၇ လမ်း၊ ၁၀၃လမ်းနှင့် ၁၀၄ လမ်းကြားရှိ COLLECTOR'S SOUL ART GALLERY အနုပညာပြခန်းတွင် ဖွင့်လှစ်ပြသခဲ့သည်။

ယခုပြပွဲသည် ပန်းချီဆရာ မြတ်မင်းထွေး၏ ဆဋ္ဌမမြောက် တစ်ကိုယ်တော်ပြသခြင်းဖြစ်ပြီး ပြပွဲတွင် ရေဆေးဖြင့် ရေးဆွဲထားသော ပန်းချီကား အရွယ်အစားစုံ ၅၄ ကားအား ပြသထားပြီး ပြပွဲအား မတ် ၁၅ ရက်မှ ၁၇ ရက်အထိ သုံးရက်တိုင် နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ပြသသွားမည်ဖြစ်၍ ပန်းချီ ချစ်မြတ်နိုးသူများ လာရောက်လေ့လာခံစားကြည့်ရှုနိုင်ကြောင်းသိရသည်။ **(ဓာတ်ပုံ)**

**ကျော်မင်းသော်**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊ ၇၃လမ်းနှင့်၇၄လမ်းကြား၊

# မိမိတို့အနေဖြင့် ရင်ဆိုင်ကြုံတွေ့နေရသည့် အခက်အခဲများ၊ ကန့်သတ်ချက်များကို ကျော်လွှား၍ ပို့ကုန်များ ပိုမိုတင်ပို့နိုင်ရေး နည်းလမ်းရှာဖွေဆောင်ရွက်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်ရှိ Asia World Port Terminal-AWPT ဆိပ်ကမ်းလုပ်ငန်းကိစ္စရပ်များနှင့်ပတ်သက်၍ အမှာစကားပြောကြားစဉ်။

★ ရှေ့ဖုံးမှ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Asia World Port Terminal-AWPT ဆိပ်ကမ်းတံတားရှိသုံးထပ်ဆောင်ခန်းမသို့ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက ဆိပ်ကမ်းလုပ်ငန်းကဏ္ဍ စွမ်းဆောင်နိုင်မှုအခြေအနေများနှင့်ပတ်သက်၍ ဆိပ်ကမ်းလုပ်ငန်းကဏ္ဍ နောက်ခံသမိုင်းအကျဉ်း၊ မူဝါဒများ၊ မြန်မာ့ဆိပ်ကမ်းများ၊ နှစ်အလိုက် ဆိပ်ကမ်းတံတားများ တိုးတက်လာမှု၊ ရန်ကုန်ဆိပ်ကမ်းနှင့် သီလဝါဆိပ်ကမ်း ဧရိယာတို့ရှိ ဆိပ်ကမ်းတံတားများ၊ ဆိပ်ကမ်းလုပ်ငန်းဆောင်ရွက်မှုနှင့် တိုးတက်မှုအခြေအနေ အကျဉ်းချုပ်၊ ပြည်ပသို့ ပင်လယ်ရေကြောင်းမှ လယ်ယာထွက်ကုန်များ တိုးမြှင့်တင်ပို့ခြင်း၊ ရန်ကုန်-ကော့သောင်း-ရနောင်း ခရီးစဉ်ဖြင့် သွင်းကုန်/ပို့ကုန် ဆောင်ရွက်နိုင်မှု၊ Transshipment ဖြင့် ကုန်သွယ်မှုကို မြှင့်တင်ခြင်း၊ ဘဏ္ဍာငွေရှာဖွေနိုင်မှုနှင့် သုံးစွဲမှုအခြေအနေများ၊ လုပ်ငန်း ဆောင်ရွက်မှုအပေါ် သုံးသပ်တင်ပြချက်များကို လည်းကောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံက ကုန်သွယ်မှုဆိုင်ရာ အခြေအနေများနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ၏ ရှေ့လုပ်ငန်းစဉ် ၅ ရပ်၊ စီးပွားရေးဦးတည်ချက် ၃ ရပ်တို့နှင့် အညီ ဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ပို့ကုန်မြှင့်တင်ရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှုများ၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် မတ်လအထိ ကုန်သွယ်မှု အခြေအနေများ၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် လအလိုက်ကုန်သွယ်မှု အခြေအနေများ၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် မတ်လ ၁၂ ရက်အထိ ပို့ကုန်ဆိုင်ရာ ကုန်ပစ္စည်းအုပ်စုအလိုက် အမှန်တင်ပို့နိုင်မှု၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် မတ်လ ၁၂ ရက်အထိနှင့် ယခင်နှစ်အလားတူကာလ ပို့ကုန်အုပ်စုအလိုက်နှိုင်းယှဉ်ချက်၊ ပို့ကုန်အများဆုံးတင်ပို့ခဲ့သည့် ကုန်ပစ္စည်းများနှင့် နိုင်ငံများ၊ ဆန်/ဆန်ကွဲ၊ ပဲမျိုးစုံ၊ ပြောင်း၊ နှမ်းနှင့် ဝါဂွမ်း တင်ပို့မှု၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် မတ်လ ၁၂ ရက်အထိ အုပ်စုအလိုက် သွင်းကုန်ဆောင်ရွက်မှုနှင့် ဘဏ္ဍာရေးနှစ်အလိုက် သွင်းကုန်အများဆုံး တင်သွင်းခဲ့ရသည့် ကုန်ပစ္စည်းများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား Asia World Port Terminal-AWPT ဆိပ်ကမ်းလုပ်ငန်းကဏ္ဍ စွမ်းဆောင်နိုင်မှုအခြေအနေများနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ရှင်းလင်းတင်ပြစဉ်။

ရှင်းလင်း တင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆိပ်ကမ်းလုပ်ငန်း ကိစ္စရပ်များနှင့်ပတ်သက်၍ ယခင်က မိမိတို့နိုင်ငံမှ ဆိပ်ကမ်းသည် အရှေ့တောင်အာရှတွင် ပို့ကုန်များ အဓိကတင်ပို့သည့် ဆိပ်ကမ်းတစ်ခုဖြစ်ခဲ့ကြောင်း၊ ယခုအခါ အကြောင်းအမျိုးမျိုးကြောင့် ပို့ကုန်များတင်ပို့မှု လျော့နည်းလျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် ရင်ဆိုင်ကြုံတွေ့နေရသည့် အခက်အခဲများ၊ ကန့်သတ်ချက်များကို ကျော်လွှား၍ ပို့ကုန်များ ပိုမိုတင်ပို့နိုင်ရေး နည်းလမ်းရှာဖွေဆောင်ရွက်သွားရန် လိုကြောင်း၊ စာမျက်နှာ ၄ သို့ ★

*** မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အနေဖြင့် သင်္ဘောများဆိုက်ကပ်ခွင့် ခွဲဝေပေးရာတွင် ဆိပ်ကမ်းများ၌ မျှ၍ ဆိုက်ကပ်ခွင့်ပေးရန်လို**

*** ဝင်ရောက်လာသည့် သင်္ဘောအမျိုးအစားများအလိုက်၊ အရွယ်အစားအလိုက် ဆိပ်ကမ်းများတွင် ဆိုက်ကပ်ခွင့်အား စဉ်းစားဆောင်ရွက်ရန်လို**

*** မြန်မာ-ကိုရီးယား ချစ်ကြည်ရေး(ဒလ)တံတား စီမံကိန်းပြီးစီးသွားပါက ဖြစ်ပေါ်လာနိုင်မည့် သင်္ဘောဝင်/ထွက် ကန့်သတ်မှုများကို ကြိုတင်တွက်ဆပြင်ဆင်ထားရန်လို**

*** မိမိတို့အနေဖြင့် စက်မှုစိုက်ပျိုးရေးထုတ်ကုန်များ၊ စားသောက်ကုန်များကိုလည်း တင်ပို့နိုင်ပြီး ထုတ်လုပ်မှုကို ယခုထက်ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားရမည်ဖြစ်**

★ စာမျက်နှာ ၃ မှ

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အနေဖြင့် သင်္ဘောများဆိုက်ကပ်ခွင့်ခွဲဝေပေးရာတွင် ဆိပ်ကမ်းများ၌ မျှ၍ ဆိုက်ကပ်ခွင့်ပေးရန် လိုကြောင်း၊ ဝင်ရောက်လာသည့် သင်္ဘောအမျိုးအစားများအလိုက်၊ အရွယ်အစားအလိုက် ဆိပ်ကမ်းများတွင် ဆိုက်ကပ်ခွင့်အား စဉ်းစားဆောင်ရွက်ရန် လိုကြောင်း၊ မြန်မာ-ကိုရီးယား ချစ်ကြည်ရေး(ဒလ) တံတား စီမံကိန်းပြီးစီးသွားပါက ဖြစ်ပေါ်လာနိုင်မည့် သင်္ဘော ဝင်/ထွက် ကန့်သတ်မှုများကို ကြိုတင်တွက်ဆပြင်ဆင်ထားရန် လိုကြောင်း။



## ကြည့်ရှုစစ်ဆေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်ရှိ Asia World Port Terminal-AWPT ဆိပ်ကမ်းတံတားအတွင်း ဆိပ်ကမ်းလုပ်ငန်းများ ဆောင်ရွက်နေမှုများ ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြစဉ်။

### စိုက်ပျိုးရေးနှင့် ပတ်သက်သည့်ထုတ်ကုန် ပစ္စည်းများကို ပိုမိုထုတ်လုပ်တင်ပို့

ပို့ကုန်နှင့်ပတ်သက်၍ တင်ပြချက်များအရ မိမိတို့နိုင်ငံအပေါ် စီးပွားရေးအရ ပိတ်ဆို့မှုများရှိသဖြင့် ပြည်တွင်းကုန်ထုတ်လုပ်မှုများကို တိုးမြှင့်၍ ပို့ကုန်ကဏ္ဍမြှင့်တင်နိုင်ရန် လိုကြောင်း၊ ဈေးကွက်ရှိပြီး ဖြစ်သည့် ထုတ်ကုန်ပစ္စည်းများကို တိုးမြှင့်ထုတ်လုပ်၍ ပြည်ပသို့တင်ပို့နိုင်ရန် လိုကြောင်း၊ အဓိကအားဖြင့် စိုက်ပျိုးရေးနှင့် ပတ်သက်သည့် ထုတ်ကုန်ပစ္စည်းများကို ပိုမိုထုတ်လုပ်တင်ပို့နိုင်ရန် လိုကြောင်း၊ မိမိတို့အနေဖြင့် စက်မှုစိုက်ပျိုးရေးထုတ်ကုန်များ၊ စားသောက်ကုန်များကိုလည်း တင်ပို့နိုင်ပြီး ထုတ်လုပ်မှုကို ယခုထက်ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဈေးကွက်ရှိပြီးဖြစ်သည့် ရော်ဘာနှင့် ကော်ဖီတို့ကဲ့သို့ ထုတ်ကုန်များကိုလည်း အရည်အသွေး ပြည့်မီစွာဖြင့် တန်ဖိုးမြင့် ထုတ်ကုန်များ ထုတ်လုပ် တင်ပို့သွားနိုင်ရန် လိုကြောင်း၊ ထုတ်လုပ်မှုတိုးမြှင့်ရန် စိုက်ကေများ တိုးချဲ့ဆောင်ရွက်သွားရန် လိုကြောင်း။

ပို့ကုန်များ တိုးမြှင့်ရရှိရေးအတွက် စိုက်ပျိုးရေးလုပ်ငန်းများ ပန်းတိုင် ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်ရန် လိုကြောင်း၊ ပန်းတိုင်ရည်မှန်းချက်ပြည့်မီပြီး အထွက်နှုန်းကောင်းမွန်မှသာလျှင် ပြည်ပပို့ကုန်များလည်း တိုးတက်လာမည် ဖြစ်ကြောင်း၊ ဆီထွက်သီးနှံများကို ပိုမိုတိုးတက်အောင် ထုတ်လုပ်နိုင်ခြင်းဖြင့်လည်း ပြည်ပမှ စားသုံးဆီ တင်သွင်းနေရမှုများကို လျှော့ချနိုင်မည်ဖြစ်ကြောင်း။

ပြောင်းစိုက်ပျိုးမှုနှင့်ပတ်သက်၍ ပြောင်းကုန်ကြမ်းများကို ကုန်ကြမ်းအစား တန်ဖိုးမြင့် ပစ္စည်းများအဖြစ် ထုတ်လုပ်တင်ပို့နိုင်ရေး အဆင့်ဆင့်ပြုပြင်ပြောင်းလဲ ဆောင်ရွက်သွားရန် လိုကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်မှသာလျှင် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME)လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုကိုလည်း အထောက်အကူပြုစေမည် ဖြစ်ကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့် ပြောင်းစက်ရုံများ တည်ဆောက်၍ ပြောင်းမှ ပြောင်းထုတ်ကုန်ကုန်ချော ထုတ်လုပ်မှုများကိုလည်း အဆင့်အလိုက် ပြောင်းလဲ ဆောင်ရွက်သွားရန် လိုကြောင်း။

### ဆိပ်ကမ်းများနှင့်ပတ်သက်၍ မျှမျှတတဖြစ်စေရေး စီမံဆောင်ရွက်

ဆန်နှင့်ပတ်သက်၍ အရည်အသွေးပြည့်မီသည့် ဆန်များကို ကြိတ်ခွဲထုတ်လုပ်နိုင်ရန် လိုပြီး တန်ဖိုးမြင့်ပြီး အရည်အသွေးပြည့်မီသည့်ဆန်များကို တင်ပို့နိုင်ရမည်ဖြစ်ကြောင်း၊ သီးထပ်စိုက်ပျိုးခြင်းများကို အောင်မြင်အောင် ဆောင်ရွက်မည်ဆိုပါက စိုက်ပျိုးရေးထွက်ကုန်များ နှစ်ဆတက်လာမည်ဖြစ်ပြီး ကုန်ချောထုတ်ကုန်များသည်လည်း တိုးတက်လာမည် ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံမှ ထုတ်လုပ်သည့် စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်များအား ပြည်ပသို့တင်ပို့မှုကို ကန့်သတ်ထားခြင်း မရှိသည့်အတွက် ပြည်ပသို့ လျင်မြန်ချောမွေ့စွာဖြင့် တင်ပို့နိုင်ရေး တာဝန်ရှိသူအဆင့်ဆင့်က အလေးထားဆောင်ရွက်သွားရန် လိုကြောင်း၊ ဆိပ်ကမ်းမှ ပို့ဆောင်သည့်မော်တော်ယာဉ်များ အချိန်မီ ထွက်ခွာနိုင်ရေးအတွက်လည်း လမ်းကြောင်းများကို စနစ်တကျ တွက်ချက်ထားရန်လိုပြီး ယာဉ်ကြောပိတ်ဆို့မှုများ မဖြစ်ပေါ်စေရေးအတွက်လည်း လိုအပ်သည်များ စီမံဆောင်ရွက်ထားရှိရန် လိုကြောင်း၊ ဆိပ်ကမ်းများနှင့်ပတ်သက်၍ မျှမျှတတ ဖြစ်စေရေး စီမံဆောင်ရွက်ပေးသွားရန် လိုကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်ကြီးများ၊ ငွေကြေးကဏ္ဍ၌ ခိုင်မာတောင့်တင်းသည့် လုပ်ငန်းရှင်များအနေဖြင့် နိုင်ငံနှင့်ပြည်သူလူထု၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေးကို တိုက်ရိုက်အထောက်အကူပြုသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်း၊ ၎င်းကိုအခြေခံသည့် ထုတ်ကုန်ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်း (Agro Base Industry) ကဏ္ဍတို့၌ ရင်းနှီးမြှုပ်နှံခြင်းကို ဦးစားပေးဆောင်ရွက်ကြစေ လိုကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ထံ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အမှတ်တရလက်ဆောင်ကို နေရာအရောက် ဂါရဝပြုပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Asia World Port Terminal-AWPT ဆိပ်ကမ်းတံတားအတွင်း လှည့်လည်၍ ဆိပ်ကမ်းလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးက အမှတ်တရလက်ဆောင်ကို ဂါရဝပြုပေးအပ်စဉ်။

- ＊ ဈေးကွက်ရှိပြီးဖြစ်သည့် ရော်ဘာနှင့် ကော်ဖီတို့ကဲ့သို့ ထုတ်ကုန်များကိုလည်း အရည်အသွေးပြည့်မီစွာဖြင့် တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်တင်ပို့သွားနိုင်ရန်လို
- ＊ ပို့ကုန်များတိုးမြှင့်ရရှိရေးအတွက် စိုက်ပျိုးရေးလုပ်ငန်းများ ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်ရန်လို
- ＊ ပန်းတိုင်ရည်မှန်းချက်ပြည့်မီပြီး အထွက်နှုန်းကောင်းမွန်မှသာလျှင် ပြည်ပပို့ကုန်များလည်း တိုးတက်လာမည်
- ＊ စီးပွားရေးလုပ်ငန်းရှင်ကြီးများ၊ ငွေကြေးကဏ္ဍ၌ ခိုင်မာတောင့်တင်းသည့် လုပ်ငန်းရှင်များအနေဖြင့် နိုင်ငံနှင့် ပြည်သူလူထု၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေးကို တိုက်ရိုက်အထောက်အကူပြုသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်း၊ ၎င်းကိုအခြေခံသည့် ထုတ်ကုန်ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်း (Agro Base Industry) ကဏ္ဍတို့၌ ရင်းနှီးမြှုပ်နှံခြင်းကို ဦးစားပေးဆောင်ရွက်ကြစေလို

# နှစ်(၈၀) ပြည့်တပ်မတော်နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီးရှိ နဝင်းချောင်းတံတားအဆင့်မြှင့်တင် ဖွင့်လှစ်



နေပြည်တော် မတ် ၁၅

နှစ်(၈၀)ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နေပြည်တော်ကောင်စီနယ်မြေအတွင်း ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ်(၂၄၅/၇) ရှိ နဝင်းချောင်းတံတား ပေ ၁၉၀ အား နှစ်လမ်းသွားတံတားမှ လေးလမ်းသွားတံတားအဖြစ် အဆင့်မြှင့်တင်ဖွင့်လှစ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါတံတား၌ ကျင်းပသည်။

## တက်ရောက်

ဖွင့်ပွဲသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌမြို့တော်ဝန် ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များနှင့် နေပြည်တော်စည်ပင်သာယာရေး ကော်မတီမှတာဝန်ရှိသူများ၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များနှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးသန်းထွန်းဦး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေ၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ရဲမိုးနှင့် နေပြည်တော်ကောင်စီဝင် ဦးခင်မောင်လတ်တို့က မင်္ဂလာအချိန်တွင် နဝင်းချောင်းတံတားအား ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးသည်။

ယင်းနောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန်တို့က နဝင်းချောင်းတံတား အဆင့်မြှင့်တင်ဖွင့်လှစ်ခြင်း အထိမ်းအမှတ် ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်၍ တာဝန်ရှိသူများနှင့်အတူ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့သည် အခမ်းအနား တက်ရောက်လာသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်၍ တိုးချဲ့တည်ဆောက်ထားသည့် တံတားအသစ်ကြီးပေါ်မှ ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

အဆိုပါ နဝင်းချောင်းတံတားသည် မူလက နှစ်လမ်းသွားတံတားသာဖြစ်ပြီး နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုဖြင့် နှစ်လမ်းသွားအဆင့်မှ လေးလမ်းသွားအဆင့်သို့ တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တံတားအထူးအဖွဲ့ (၆) မှ တာဝန်ယူ၍ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ၂၀၂၄ ခုနှစ် စက်တင်ဘာလတွင် ရာဂီမုန်တိုင်းအရှိန်ကြောင့် ရေကြီးရေလျှံမှု ဖြစ်ပေါ်ခဲ့ပြီး အဆိုပါတံတား၏ ကမ်းကပ်ခုံများ ရေတိုက်စားပျက်စီးခဲ့သဖြင့်လမ်းပန်းဆက်သွယ်ရေး မပြတ်တောက်စေရန် ယာယီဘေလီတံတားထိုး၍ ဆောင်ရွက်ခဲ့သည်။

ယခုအခါ အခိုင်အမာတံတားအဖြစ် အသွား/အပြန်လေးလမ်းသွား တိုးချဲ့တည်ဆောက်ခြင်းနှင့် တစ်ဆက်တည်းတံတားကြီး ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ထပ်မံရေတိုက်စားမှုမရှိစေရေးအတွက် တံတား၏ Up Stream နှင့် Down Stream တို့တွင် ရေစီးရေလာကောင်းမွန်စေရေးနှင့် ရေတိုက်စားမှုမှ ကာကွယ်နိုင်ရန် Gabion Box ကမ်းထိမ်းနံရံများ ပြုလုပ်ခြင်း၊ ရေလမ်းကြောင်း ဖြောင့်ခြင်းနှင့် မြစ်ကမ်းနံရံများကို ကျောက်ကြီးစီမြေထိန်းနံရံ ပြုလုပ်ဆောင်ရွက်ခြင်းတို့ကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့နှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ထားရှိပြီးဖြစ်သည်။

ရာဂီမုန်တိုင်းကြောင့် ပျက်စီးခဲ့ရသော နဝင်းချောင်းတံတားနှင့် ကင်းသာလမ်းဆုံကြား ဆက်စပ်သည့်လမ်းအပိုင်းကိုလည်း ယာဉ်များအန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရန် လမ်းပခုံးများ တိုးချဲ့ခြင်း၊ မြေထိန်းနံရံအနိမ့် (Toll Wall) များပြုလုပ်ခြင်း၊ ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေစီးမြောင်းများ၊ ရေထုတ်ပြွန်များလည်း သတ်မှတ်လိုအပ်ချက်များနှင့်အညီ တည်ဆောက်ထားပြီးဖြစ်သည်။

ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီးသည် အာဆီယံဟိုင်းဝေးလမ်းမကြီး (AH-1) အပိုင်းတွင်ပါဝင်သောကြောင့် ယာဉ်သွားလာမှုများပြားသည့်အတွက် နဝင်းချောင်းတံတားအား လက်ရှိနှစ်လမ်းသွားအဆင့်မှ လေးလမ်းသွားအဆင့်သို့ တိုးချဲ့တည်ဆောက်ပေးသကဲ့သို့ ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီး၏ လမ်းအကျယ်ကိုလည်း လေးလမ်းသွားအဆင့်မှ ခြောက်လမ်းသွားအဆင့်အထိ တိုးမြှင့်နိုင်ရန်အတွက် အကြိုလုပ်ငန်းများအနေဖြင့် လမ်းတာပေါင် အကျယ်ပေ ၉၀ ရရှိအောင်တိုးချဲ့ခြင်းနှင့် ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးအတွက် လမ်းဘေး ဝဲ/ယာတွင် သစ်ပင်များ စနစ်တကျ စိုက်ပျိုးခြင်းတို့ကို စီမံချက်ချဆောင်ရွက်လျက်ရှိသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနနှင့် တံတားဦးစီးဌာနတို့သည် ပြည်သူများ သွားလာရေး လွယ်ကူအဆင်ပြေစေရေးနှင့် ကုန်စည်စီးဆင်းမှု လွယ်ကူလျင်မြန်စေရေးတို့အတွက် ဒေသဆိုင်ရာ တာဝန်ရှိသူများ၊ B.O.T ကုမ္ပဏီများနှင့် ပူးပေါင်း၍ လမ်း၊ တံတားများကို အင်္ဂါရပ်နှင့် ကိုက်ညီအောင် ကြပ်မတ်ဆောင်ရွက်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း၊ အဆင့်မြှင့်တင်ခြင်းနှင့် အသစ်တည်ဆောက်ခြင်း လုပ်ငန်းများကို အရည်အသွေးပြည့်မီစွာဖြင့် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# နှစ်(၈၀)ပြည့် တပ်မတော်နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် ၃၃ ကေဗွီတလုတ္တော်(တွံတေး) ဓာတ်အားခွဲရုံဖွင့်ပွဲ ကျင်းပ



ရန်ကုန် မတ် ၁၅

နှစ်(၈၀)ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်ရှိ တွံတေးမွေးမြူရေးဇုန် လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ၃၃ ကေဗွီ တလုတ္တော် (တွံတေး) ဓာတ်အားခွဲရုံဖွင့်ပွဲ အခမ်းအနားကို ယနေ့ညနေပိုင်းက အဆိုပါ ဓာတ်အားခွဲရုံ၌ ကျင်းပသည်။

ဦးစွာ ဓာတ်အားခွဲရုံဖွင့်ပွဲ မှခ်ဦးကို သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်း၊ ရန်ကုန် လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်၍ ဓာတ်အားခွဲရုံဖွင့်ပွဲ အခမ်းအနား ကမ္ပည်းမော်ကွန်းအား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားသည်။

၎င်းနောက်ဓာတ်အားခွဲရုံဖွင့်လှစ်နိုင်ခြင်းအတွက် တွံတေးမွေးမြူရေးဇုန်ဥက္ကဋ္ဌ ဦးတင်ရွှေက ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဓာတ်အားခွဲရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

နိုင်ငံတော် အကြီးအကဲက တိုင်းပြည်ဖွံ့ဖြိုး တိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရေး၊ ကုန်ထုတ်လုပ်ငန်းများ တိုးတက်၍ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရေး၊ လျှပ်စစ်ဓာတ်အား တည်ငြိမ်ပြည့်ဝစွာ ရရှိစေရေးနှင့် စိုက်ပျိုးမွေးမြူရေးတိုးတက်ထုတ်လုပ်ရေးတို့အား အဓိကအခန်းကဏ္ဍမှ ဦးစားပေး ဆောင်ရွက်ရန် လမ်းညွှန်မှုအရ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အနေဖြင့် မြေနေရာ အကျယ်အဝန်း၊ လမ်းပန်းဆက်သွယ်ရေး လမ်းကြောင်း၊ ရေမြေအနေအထားအရ လုပ်ငန်းသဘာဝနှင့် ဆီလျော်သည့် တွံတေးမွေးမြူရေးဇုန်ကို အကောင်အထည်ဖော် စီမံဆောင်ရွက်လျက်ရှိရာ မွေးမြူရေးဇုန် လျှပ်စစ်ဓာတ်အားရရှိရေးအတွက် 33/11 KV၊ 5 MVA ဓာတ်အားခွဲရုံ အပါအဝင် 33 kV ကောင်းကင်ဓာတ်အားလိုင်း၊ 11 KV ကောင်းကင်ဓာတ်အားလိုင်း၊ ဓာတ်အားဖြန့်ဖြူးရေးထရန်စဖော်မာ၊ ၄၀၀ ဗို့ ကောင်းကင်ဓာတ်အားလိုင်း၊ လမ်းမီးဓာတ်အားလိုင်းနှင့် လမ်းမီးများကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းတို့၏ ရန်ပုံငွေများဖြင့် ကျခံသုံးစွဲတည်ဆောက်ခဲ့ပြီး လျှပ်စစ်ဓာတ်အားရရှိရေး ဆောင်ရွက်ခဲ့ရာ ယခု တွံတေးမွေးမြူရေးဇုန်ကို လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးရန် အဆင်သင့် ဖြစ်နေပြီဖြစ်ကြောင်းနှင့် ယခုလိုစီမံဆောင်ရွက်ပေးခြင်းဖြင့် ရန်ကုန်တိုင်းဒေသကြီး အတွင်း ကုန်ထုတ်လုပ်ငန်း တိုးတက်မှုကို အထောက်အပံ့ရရှိသည့်အပြင် ဒေသခံပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်း၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးစသည်ဖြင့် အစစအရာရာ ထပ်မံတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**ဆန်းကျော်ဦး(မြန်/ဆက်)**

# တောင်ကြီးမြို့၌ မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့ လှုပ်ရှားမှုအခမ်းအနားကျင်းပ



တောင်ကြီး မတ် ၁၅

ရှမ်းပြည်နယ် တောင်ကြီးမြို့တွင် မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့ လှုပ်ရှားမှုအခမ်းအနားကို ယနေ့နံနက် ၉ နာရီက တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

## ပြောကြား

အခမ်းအနားတွင် ရှမ်းပြည်နယ်လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်က မြန်မာ့သနပ်ခါးကို လူသားမျိုးနွယ်ကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် ယူနက်စကိုသို့ တင်သွင်းရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုကဲ့သို့ နိုင်ငံတော်၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ကမ္ဘာ့အသိအမှတ်ပြုရိုးရာအမွေအနှစ်အဖြစ် အသိအမှတ်ပြုမှု ရရှိရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရာတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့်အတူ ပြည်သူများအားလုံး ပါဝင်ဆောင်ရွက်ကြသည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာ့ရိုးရာသနပ်ခါး Video Clip ကိုပြသ၍ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူလေးများက "သနပ်ခါး" တေးသီချင်းဖြင့် သရုပ်ဖော်ကပြတင်ဆက်ပြီး တိုင်းရင်းဆေးပညာဦးစီးဌာနမှ ခရိုင်တိုင်းရင်းဆေးမှူး ဒေါ်ခင်သီတာဦးက မြန်မာ့သနပ်ခါးဆေးဖက်ဝင်ပုံများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ရှမ်းပြည်နယ်အမျိုးသမီးကော်မတီနာယက၊ ရှမ်းပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက တက်ရောက်လာကြသည့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် အခြေခံပညာကျောင်းများမှ ကျောင်းသူများအား သနပ်ခါးလိမ်းခြယ်ပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(မြန်/ဆက်)**





# ရတနာပုဏ္ဏ ဝရဒါဌာ ဓာတုစေတီယ စွယ်တော်မြတ်စေတီတော်(မန္တလေး) သတ္တမအကြိမ် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ပဋ္ဌာန်းသိမ်းအောင်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲအခမ်းအနား ကျင်းပ

**မန္တလေး မတ် ၁၅**

အမရပူရမြို့နယ် မဟာဓမ္မရံသီကုန်းတော်မြတ်၌ တည်ထားကိုးကွယ်တော်မူအပ်သော ရတနာပုဏ္ဏ ဝရဒါဌာ ဓာတုစေတီယ စွယ်တော်မြတ်စေတီတော် (မန္တလေး)၏ သတ္တမအကြိမ် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ပဋ္ဌာန်းသိမ်းအောင်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက စွယ်တော်မြတ်စေတီတော် (မန္တလေး)ဂန္ဓကုဋိတိုက်တော်တွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ဝင် ဆင်ဖြူမယ်ကျောင်း ဆရာတော် ဘဒ္ဒန္တအဂ္ဂညာဏ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ အလှူရှင်များ ဝတ်အသင်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပြီး တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဝင် ဆင်ဖြူမယ်ကျောင်း ဆရာတော် ဘဒ္ဒန္တအဂ္ဂညာဏထံမှ ငါးပါးသီလခံယူဆောက်တည်ကြကာ ဆရာတော်၊ သံဃာတော်များ ရွတ်ပွားတော်မူသည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြပြီးနောက် စွယ်တော်မြတ်စေတီတော်(မန္တလေး) ဓမ္မစကြာဝတ်အသင်းအဖွဲ့မှ ပဋ္ဌာန်း မေတ္တာပို့သံဆန်းကဗျာများဖြင့် ရွတ်ဖတ်ပူဇော်ကြသည်။

၎င်းနောက် စွယ်တော်မြတ်စေတီတော်(မန္တလေး) ဘက်စုံ မွမ်းမံပြုပြင်ခြင်းအတွက် အလှူငွေများ လှူဒါန်းခဲ့သည့် အလှူရှင်များအား ဂေါပကအဖွဲ့မှ တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့၊ တက်ရောက်လာကြသူများက ဆင်ဖြူမယ်ကျောင်း ဆရာတော်ထံမှ အနုမောဒနာတရား နာယူ၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှအတန်းပေးဝေကာ အခမ်းအနားကို အစီအစဉ်အတိုင်းကျင်းပခဲ့ပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းခဲ့ကြောင်းနှင့် ဆွမ်းဆန်စိမ်းများ လောင်းလှူ၍ နေ့ဆွမ်းဆက်ကပ်ခဲ့ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**









သတင်း-စာမျက်နှာ ၆











## ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်(မန္တလေး) (၁၉)ကြိမ်မြောက်၊ အကြိမ်(၂၀)မြောက်နှင့် (၂၁)ကြိမ်မြောက် ဘွဲ့နှင်းသဘင် ကျင်းပ



**မန္တလေး မတ် ၁၅**

ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်(မန္တလေး)၏ (၁၉)ကြိမ်မြောက်၊ အကြိမ်(၂၀)မြောက်နှင့် (၂၁)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက မန္တလေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်(မန္တလေး)ပါမောက္ခချုပ်(ပူးတွဲတာဝန်)ပါမောက္ခ ဒေါက်တာခင်ဝင်းစိန်၊ ဒုတိယပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာလင်းထက်မြင့်နှင့် ပညာရေးအဖွဲ့ဝင်များ၊ စီမံခန့်ခွဲရေးအဖွဲ့ဝင်များသည် စင်မြင့်ပေါ်တွင် နေရာယူကြပြီး ပါမောက္ခချုပ်က ဆေးဘက်ဆိုင်ရာ သစ္စာအဓိဋ္ဌာန်(၇)ချက်ကို တိုင်ပေးကာ ဆေးဘက်ဆိုင်ရာ နည်းပညာမဟာသိပ္ပံဘွဲ့နှင့် ဆေးဘက်ဆိုင်ရာ နည်းပညာသိပ္ပံဘွဲ့များအတွက် ကောင်းစွာအောင်မြင်ပေါက်မြောက်ခဲ့ပြီဟု ပညာရေးအဖွဲ့က ကြေညာခြင်းခံကြသူများအား ဘွဲ့များအပ်နှင်းချီးမြှင့်ခဲ့ကြသည်။ **(အပေါ်ပုံ)**

ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်(မန္တလေး)၏ (၁၉)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ဆေးဘက်ဆိုင်ရာ နည်းပညာမဟာသိပ္ပံဘွဲ့ သုံးဦး၊ ဆေးဘက်ဆိုင်ရာ နည်းပညာသိပ္ပံဘွဲ့ ၁၀ ဦး၊ အကြိမ်(၂၀)မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ဆေးဘက်ဆိုင်ရာ နည်းပညာသိပ္ပံဘွဲ့ ၃၂ ဦးနှင့် (၂၁)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ဆေးဘက်ဆိုင်ရာ နည်းပညာမဟာသိပ္ပံဘွဲ့ တစ်ဦး၊ ဆေးဘက်ဆိုင်ရာ နည်းပညာသိပ္ပံဘွဲ့ ၈၆ ဦး၊ အဝေးရောက်ဘွဲ့ယူ ဆေးဘက်ဆိုင်ရာ နည်းပညာမဟာသိပ္ပံဘွဲ့ နှစ်ဦး၊ ဆေးဘက်ဆိုင်ရာ နည်းပညာသိပ္ပံဘွဲ့ သုံးဦးအပါအဝင် စုစုပေါင်း ၁၃၇ ဦးတို့အား ဘွဲ့လက်မှတ်များ ချီးမြှင့်ပေးအပ်ပြီး ဘွဲ့လက်မှတ်အပ်နှင်းပေးခဲ့သည်။

ယနေ့ ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ချီးမြှင့်ခဲ့သူများအပါအဝင် ဆေးဘက်ဆိုင်ရာ ဓာတ်ခွဲနည်းပညာရှင် ၇၉၆ ဦး၊ ဆေးဘက်ဆိုင်ရာ ဓာတ်မှန်နှင့် ပုံရိပ်ဖော်ပညာရှင် ၅၈၂ ဦး၊ ဆေးဘက်ဆိုင်ရာ ခန္ဓာသန်စွမ်းမှု နည်းပညာရှင် ၆၆၀ ဦး၊ ဘွဲ့ကြိုဘွဲ့ရသူဦးရေ စုစုပေါင်း ၂၀၃၈ ဦးနှင့် မဟာသိပ္ပံဘွဲ့ရသူ စုစုပေါင်း ၅၆ ဦးတို့ကို ဘွဲ့ချီးမြှင့်နိုင်ခဲ့ကြောင်း သိရသည်။

**စာနည်းကိုကို**



## နေကြာသီးနှံထွက်နှုန်း ပိုမိုတိုးမြင့်စေရေးအတွက် ဆင်းနေကြာ(၂)အား စိုက်ပျိုးသင့်

**မန္တလေး မတ် ၁၅**

ဆီထွက်သီးနှံ ဖြစ်သည့် နေကြာသီးနှံ ထွက်နှုန်း ပိုမိုကောင်းမွန်လာစေရန်အတွက် ဆင်းနေကြာ(၂)အား ပိုမိုစိုက်ပျိုးသင့်ကြောင်း စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ သိရသည်။

နေကြာစိုက်ပျိုးရာ၌ လက်ရှိတွင် စပ်မျိုးများကို စိုက်ပျိုးခြင်းအပြင် ဆင်းရွှေကြာ(၂) အထွက်နှုန်းကောင်းမျိုးဖြစ်ပြီး စိုက်ပျိုးသက်တမ်းမှာ ၈၀-၈၅ ရက်သာရှိကြောင်း၊ နေကြာပွင့် တစ်ပွင့်လျှင် အောင်မြင်သည့် အစေ့ ၅၀၀-၉၀၀ ရှိပြီး ဆီထွက်နှုန်းမှာ ၄၅-၄၈ ရာခိုင်နှုန်းအထိ ရှိကြောင်း၊ တစ်ဧကလျှင် ၂၅ တင်းမှ တင်း ၃၀ အထိ ထွက်ရှိနိုင်ပြီး ရာသီမရွေးစိုက်ပျိုးနိုင်သည်။ **(ဓါပုံ)**

"နေကြာစပ်မျိုးတွေအပြင် ဆင်းရွှေကြာ(၂)ကိုလည်း အသုံးပြုဖို့ တိုက်တွန်းလိုပါတယ်။ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင် အလိုက် မျိုးစေ့ထုတ်စိုက်ခင်းတွေ ထူထောင်ပြီးတော့ ဆင်းရွှေကြာ(၂)စံပွင့်တွေကို ရွေးချယ်စိုက်ပျိုးနိုင်ပြီး မျိုးစေ့ထုတ်လုပ်မှုတွေကို လုပ်ဆောင်သင့်ပါတယ်။ နေကြာသီးနှံက ဂေဟစနစ် ကောင်း၊ မကောင်း သိရှိနိုင်တဲ့ အညွှန်းသီးနှံပင်အဖြစ် အသုံးပြုနိုင်ပါတယ်"ဟု စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မြန်မာနိုင်ငံတွင် နေကြာသီးနှံမျိုးများအဖြစ် ရေဆင်းစပ်မျိုးနေကြာ(၁)နှင့် ဆင်းရွှေကြာ(၂)တို့ကို စိုက်ပျိုးမှုအများဆုံး ပြုလုပ်ကြပြီး ထွက်နှုန်းမှာလည်း ကောင်းမွန်ကြောင်း၊ တောင်သူများ အကျိုးအမြတ်ကောင်းမွန်သော မျိုးများဖြစ်သည်။

လက်ရှိ မန္တလေးတိုင်းဒေသကြီးအတွင်းတွင် ဆီထွက်သီးနှံများဖြစ်သည့် (မြေပဲ၊ နှမ်း၊ နေကြာ)စိုက်ပျိုးထုတ်လုပ်ခြင်းနှင့် ပန်းတိုင်အထွက်နှုန်းရောက်ရှိစေရန်အတွက် စနစ်တကျဆောင်ရွက်လျက်ရှိကြောင်း၊ ပန်းတိုင်အထွက်နှုန်း ရရှိစေရန်အတွက် မြေဆီလွှာအာဟာရဓာတ် စီမံခန့်ခွဲခြင်းများ၊ စိုက်ပျိုးရေးနှင့် ပတ်သက်သော နည်းပညာများကို တောင်သူများထံ ဖြန့်ဝေပေးခြင်းများ၊ အထွက်နှုန်း ကောင်းမွန်သော နေကြာမျိုးများ ထုတ်လုပ်၍ တောင်သူများအား ဖြန့်ဝေပေးခြင်းများ၊ ရေစီမံခန့်ခွဲမှုနည်းစနစ်ဆိုင်ရာများနှင့် အခြားသော လိုအပ်သည်များကို စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် လုပ်ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၈)**

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## အိုင်ဆီးလ်အဖွဲ့ခေါင်းဆောင်ကို သုတ်သင်ရှင်းလင်းလိုက်ပြီဟု အီရတ်ဝန်ကြီးချုပ် ထုတ်ဖော်ပြောကြား

**ဘဂ္ဂဒက် မတ် ၁၅**

အိုင်ဆီးလ်အဖွဲ့၏ ခေါင်းဆောင်ကို အမေရိကန်ဦးဆောင်သော အိုင်ဆီးလ်ဆန့်ကျင်ရေး မဟာမိတ်အဖွဲ့၏ ထောက်ခံမှုဖြင့် မိမိတို့ လုံခြုံရေးတပ်ဖွဲ့များက သုတ်သင်ရှင်းလင်းလိုက်ပြီဟု အီရတ်ဝန်ကြီးချုပ် မိုဟာမက်ရှီယယ်ဆူဒါနီက မတ် ၁၄ ရက်တွင် ထုတ်ဖော်ပြောကြားကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။



သုတ်သင်ရှင်းလင်းခံခဲ့ရသော အိုင်ဆီးလ်ခေါင်းဆောင်မှာ အဗ္ဗဒူလာ မက်ကီမူဆလီအယ်လ်ရူတာယီခေါ် အဘူခါဒီဂျာဟု အမည်ရသူဖြစ်ကြောင်း ၄င်းက အတည်ပြုပြောဆိုသည်။

၂၀၁၄ ခုနှစ် နွေရာသီမှစ၍ အိုင်ဆီးလ်အဖွဲ့ ထိန်းချုပ်ထားသော နယ်မြေအားလုံးကို ပြန်လည်သိမ်းပိုက်ခြင်းဖြင့် အနိုင်ရခဲ့ပြီဖြစ်ကြောင်း ၂၀၁၇ ခုနှစ်တွင် အီရတ်အစိုးရက ကြေညာခဲ့သည်။ ယင်းနယ်မြေသည် အီရတ်နိုင်ငံ၏ သုံးပုံတစ်ပုံခန့်ရှိမည်ဟု ခန့်မှန်းရသည်။

ထိုသို့ကြေညာခဲ့သည့်တိုင် အိုင်ဆီးလ်အဖွဲ့သည် အီရတ်နိုင်ငံ၏ ကျယ်ပြန့်သော နယ်မြေများတွင် လျှို့ဝှက်အဖွဲ့အစည်းများ ဆက်လက်ဖြန့်ကြက်ထားပြီး မကြာခဏ ပစ်ခတ်မှုများ လုပ်ဆောင်နေဆဲဖြစ်ကြောင်း သိရသည်။

Mon



## ဆီးနိတ်လွှတ်တော်တွင် ပြင်းထန်သော ဆွေးနွေးမှုများအပြီး အမေရိကန်အစိုးရ ရပ်တန့်မှုမဖြစ်စေရန် ရှောင်ရှားနိုင်ခဲ့

**ဝါရှင်တန် မတ် ၁၅**

အမေရိကန်ပြည်ထောင်စု၏ နိုင်ငံတော်အသုံးစရိတ် သက်တမ်းကုန်ဆုံးချိန်တွင် အစိုးရရပ်တန့်မှု မဖြစ်စေရန် မတ် ၁၄ ရက်တွင် ရှောင်ရှားနိုင်ခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အရေးပေါ်ငွေကြေးအဆင်ပြေရေး ဥပဒေကြမ်းကို ဆီးနိတ်လွှတ်တော်တွင် ၅၄-၄၆ မဲဖြင့် အတည်ပြုခဲ့ပြီးနောက် ဒီမိုကရက်တစ်ပါတီဝင် လွှတ်တော်အမတ်နှစ်ဦးက ရီပတ်ဘလီကန်ပါတီဝင် လွှတ်တော်အမတ်များနှင့်အတူ ထောက်ခံမဲပေးခဲ့သည်။

ဆီးနိတ်လွှတ်တော်တွင် ပြင်းထန်သော ဆွေးနွေးမှုများအပြီး ဒီမိုကရက်တစ်ပါတီဝင် အမတ်အချို့က ယင်းအဆိုပြုချက်အား လုပ်ထုံးလုပ်နည်းဆိုင်ရာ အဟန့်အတားမှ ကျော်လွှားရန် ခွင့်ပြုချိန်တွင် အဓိက မဲပေးမှုပြုလုပ်ခဲ့ခြင်း ဖြစ်သည်။

ဆီးနိတ်လွှတ်တော် အတိုက်အခံခေါင်းဆောင် ဒီမိုကရက်တစ်ပါတီဝင် ချက်ရှူးမားနှင့် အခြားကိုးဦးတို့သည် ၄င်းတို့၏ လုပ်ဖော်ကိုင်ဖက်များနှင့် သဘောထားကွဲလွဲခဲ့သော်လည်း နောက်ဆုံးမဲပေးချိန်တွင်မှု ဥပဒေကြမ်းကိုရှေ့ဆက်ရန် မဲပေးခဲ့ကြကြောင်း သိရသည်။

Mon

## အင်တဲလ်အမှုဆောင်အရာရှိချုပ်အသစ် တန်လစ်ပူ လစာငွေ အမေရိကန်ဒေါ်လာ ၁ သန်း ရရှိမည်

**ဝါရှင်တန် မတ် ၁၅**

အမေရိကန်အခြေစိုက် အင်တဲလ်ချစ်ပ်ထုတ်လုပ်ရေးကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ်အသစ် တန်လစ်ပူသည် လစာဒေါ်လာ ၁ သန်း ရရှိမည်ဖြစ်ပြီး နှစ်စဉ်ငွေသားဆုငွေအဖြစ် ဒေါ်လာ ၂ သန်း အထိရပိုင်ခွင့်ရှိကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ချစ်ပ်ထုတ်လုပ်သည့်ကုမ္ပဏီနှင့် ချစ်ပ်ဒီဇိုင်းအိမ်တစ်ခုအဖြစ် အောင်မြင်စွာ ကူးပြောင်းရန် အတွေ့အကြုံရှိသူဖြစ်သဖြင့် ယခင်အပတ်တွင် ထိုကုမ္ပဏီက တန်ကို အမှုဆောင်အရာရှိချုပ်အဖြစ် ခန့်အပ်လိုက်ခြင်း ဖြစ်သည်။

တန်၏ အလုပ်အကိုင် သဘောတူညီချက်တွင် သုံးနှစ်စာ စွမ်းဆောင်ရည်ပန်းတိုင်ပါရှိပြီး ၄င်းပါဝင်သည့် ၁၈ လအတွင်း ထိန်းချုပ်မှုပြောင်းလဲခြင်း သို့မဟုတ် ပိုင်ဆိုင်မှုတွင် သိသိသာသာပြောင်းလဲမှုဖြစ်ပေါ်ပါက ၄င်း၏ စတော့ဆုများ၏ သုံးပုံနှစ်ပုံကို ဆက်လက်ထိန်းသိမ်းထား ခွင့်ရမည် ဖြစ်ကြောင်း သိရသည်။ Mon






## နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး နှစ် (၆၀) ပြည့်အထိမ်းအမှတ် စင်ကာပူနှင့် ထိုင်း နားလည်မှုစာချွန်လွှာ ငါးခု လက်မှတ်ရေးထိုး

**စင်ကာပူ မတ် ၁၅**

စင်ကာပူနှင့်ထိုင်း နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး နှစ် (၆၀) ပြည့်အထိမ်းအမှတ်အဖြစ် မတ် ၁၄ ရက်တွင် နားလည်မှုစာချွန်လွှာ ငါးခုကို လက်မှတ်ရေးထိုးခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

စင်ကာပူကုန်သွယ်ရေးနှင့် စက်မှုလုပ်ငန်း ဒုတိယဝန်ကြီး တန်ဆီးလင်းနှင့် ထိုင်း၏ ကုန်သွယ်ရေးဝန်ကြီး ပီချိုင်းနရီပသန်တို့ နှစ်ဦးက စင်ကာပူ-ထိုင်း စီးပွားရေးဆက်ဆံရေး အရှိန်မြှင့်တင်ရေးဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေး နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးပွဲသို့ တက်ရောက်ခဲ့ကြသည်။

ဝန်ကြီးများသည် စင်ကာပူ ဉာဏ်ရည်မူပိုင်ခွင့်ရုံးနှင့် ထိုင်း၏ ဉာဏ်ရည်မူပိုင်ခွင့်ဌာနတို့အကြား ၂၀၂၅ မှ ၂၀၂၇ ခုနှစ်အတွက် မူပိုင်ခွင့်ပူးပေါင်းဆောင်ရွက်ရေး အလုပ်အစီအစဉ် ဖလှယ်ပွဲကိုလည်း တက်ရောက်ခဲ့ကြောင်း သိရသည်။ Mon



မတ် ၁၄ ရက်တွင် ကနေဒါနိုင်ငံ အော့တဝါမြို့ရှိ ရီဒိုခန်းမဆောင်၌ ဝန်ကြီးချုပ် မာ့ခ်ကာနေး ကျမ်းသစ္စာကျိန်ဆိုနေစဉ်။

Mon

## တောင်ကိုရီးယား ခရီးသည်တင်လေယာဉ်တစ်စင်း မီးလောင်မှု ပါဝါဘဏ်စ်တစ်လုံးကြောင့် ဖြစ်နိုင်သည်ဟု အစီရင်ခံစာပေါ်ထွက်

**ဆိုးလ် မတ် ၁၅**

လွန်ခဲ့သော ဇန်နဝါရီလက တောင်ကိုရီးယားနိုင်ငံတွင် ဖြစ်ပွားခဲ့သော ခရီးသည်တင်လေယာဉ်တစ်စင်း မီးလောင်ပျက်စီးခဲ့ရခြင်းအကြောင်းအရင်းသည် ပါဝါဘဏ်စ်တစ်လုံးကြောင့်ဖြစ်နိုင်သည်ဟု ဒေသအာဏာပိုင်များက သုံးသပ်တင်ပြထားကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

ဘူဆန်လေကြောင်းလိုင်းပိုင် ခရီးသည်တင်လေယာဉ်သည် ဇန်နဝါရီ ၂၈ ရက်က တောင်ကိုရီးယားနိုင်ငံတောင်ပိုင်း ဂင်မ်ဟဲ အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် မီးလောင်ကျွမ်းခဲ့စဉ် လေယာဉ်ပေါ်ရှိ လူသုံးဦး အနည်းငယ်ဒဏ်ရာရခဲ့သည်။

တောင်ကိုရီးယား သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာန၏ ကြားဖြတ်စစ်ဆေးမှု ရလဒ်များအရ မီးစတင်လောင်ကျွမ်းရသည့် အကြောင်းအရင်းသည် ပါဝါဘဏ်စ်ဘက်ထရီအတွင်းမှ လျှပ်ကာပစ္စည်း ပျက်စီးသွားခြင်း ဖြစ်နိုင်ကြောင်း ပဏာမသုံးသပ်တင်ပြသည်။

မီးလောင်မှုဖြစ်ပွားသော ထိုလေယာဉ်အပေါ်ဘက်ရှိ ခရီးဆောင်အိတ်တင်ဗီရိုထဲ၌ ပါဝါဘဏ်စ်တစ်လုံးကို တွေ့ရှိခဲ့ပြီး ယင်းပစ္စည်းအကြွင်းအကျန်များတွင် မီးခိုးမည်းသဲလွန်စများ တွေ့ရှိရသည်ဟု ထုတ်ပြန်ချက်တွင် ဖော်ပြထားကြောင်း သိရသည်။

Mon

## အာကာသစခန်းမှ ဘွတ်ခ်ဝီလ်မိုးနှင့် ဆူနီဝီလျံစ်တို့နှစ်ဦး နောက်ဆုံးတွင် ကမ္ဘာမြေသို့ ပြန်လာခွင့်ရတော့မည်

**ဝါရှင်တန် မတ် ၁၅**

စပေ့စ်အိတ်ခ်စ်ကုမ္ပဏီသည် အပြည်ပြည်ဆိုင်ရာ အာကာသစခန်းသို့ လူသစ်များပါဝင်သည့် ဒုံးပျံတစ်စင်းကို ယမန်နေ့က အောင်မြင်စွာ လွှတ်တင်လိုက်ပြီဖြစ်ရာ ပိတ်မိနေသော ဘွတ်ချ်ဝီလ်မိုးနှင့် ဆူနီဝီလျံစ်တို့နှစ်ဦး ကမ္ဘာမြေသို့ ပြန်လာခွင့်ရတော့မည်ဖြစ်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အဆိုပါ အာကာသယာဉ်မှူးနှစ်ဦးသည် အပြည်ပြည်ဆိုင်ရာ အာကာသစခန်းပေါ်တွင် ရှစ်ရက်သာနေရန် စီစဉ်ထားသော်လည်း ၄င်းတို့စီးနင်းလာသည့် စမ်းသပ်အာကာသယာဉ်၏ နည်းပညာဆိုင်ရာ ပြဿနာများကြောင့် ပြန်ခွင့်မသာဘဲ ကိုးလထက်မနည်း ကြာမြင့်နေပြီဖြစ်သည်။



၄င်းတို့နှစ်ဦးသည် အဖွဲ့သစ်ရောက်ရှိပြီး နှစ်ရက်အကြာတွင် ကမ္ဘာမြေသို့ ပြန်လည်ထွက်ခွာရန် စီစဉ်ထားသည်။

ဘွတ်ချ်နဲ့ဆူနီတို့ဟာ အရမ်းကောင်းတဲ့ အလုပ်တွေလုပ်ခဲ့ပါတယ်။ သူတို့ကိုပြန်ခေါ်လာရတော့မှာကို စိတ်လှုပ်ရှားမိပါတယ်ဟု နာဆာအဖွဲ့၏ စီးပွားဖြစ် အာကာသယာဉ်မှူး အစီအစဉ် မန်နေဂျာ စတိဗ်စတစ်ချ်က ထုတ်ဖော်ပြောကြားသည်။

၄င်းတို့နှစ်ဦး နစ်ခ်ဟိတ်နှင့် အလက်ဇန်းဒြားဂေါ်ဘူနော့ဗ် စုစုပေါင်း လေးဦး၏နေရာတွင် ရုရှား၊ ဂျပန်နှင့် အမေရိကန် အာကာသယာဉ်မှူး လေးဦးက အစားထိုးဝင်ရောက်မည်ဖြစ်ကြောင်း သိရသည်။

Mon

# မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင်ဝင်ရောက်လာသည့်ပြည်ပနိုင်ငံသား ၁၆၁ ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းခဲ့

နေပြည်တော် မတ် ၁၅

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင်ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့ မယ်ထော်သလေးနှင့် KK Park နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းလျက်ရှိရာ ယနေ့တွင် တရုတ်နိုင်ငံသား ၁၅၈ ဦးနှင့် အင်ဒိုနီးရှားနိုင်ငံသား သုံးဦး ထပ်မံထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါ ထိန်းသိမ်းထားသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးနိုင်ရေးလိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ကရင်ပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မင်းသူကျော်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးမည့် ပြည်ပနိုင်ငံသားများအား ကောင်းမွန်စွာထိန်းသိမ်းထားရှိမှုနှင့် ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည့်



ထိန်းသိမ်းထားသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးနိုင်ရေး လိုအပ်သည့်ကိုယ်ရေးအချက်အလက်များနှင့် စာရင်းကောက်ယူခြင်းများ ဆောင်ရွက်စဉ်။

ပြည်ပနိုင်ငံသား ၁၆၁ ဦးတို့၏ ကိုယ်ရေးအချက်အလက်များ၊ မှတ်တမ်းများစာရင်းကောက်ယူနေမှု အခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံ၍ စာရင်းဇယားအချက်အလက်များ မှန်ကန်ပြည့်စုံစေရေး၊ ထိန်းသိမ်းထားသည့် ပြည်ပနိုင်ငံသားများ၏ နေထိုင်စားသောက်ရေး၊ ကျန်းမာရေး၊ လုံခြုံရေး၊ လွှဲပြောင်းပေးရေးလုပ်ငန်းစဉ်များ နှောင့်နှေးကြန့်ကြာမှုမရှိစေရေးနှင့် အမြန်ဆုံး စနစ်တကျ ပြန်လည်လွှဲပြောင်းနိုင်ရေးကိစ္စရပ်များ အပေါ်လိုအပ်သည်များကို လမ်းညွှန်မှာကြားကာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ မတ် ၁၅ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၆၄၃၆ ဦးစစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၃၅၈၈ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၈၄၈ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာနိုင်ငံ၏ နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသည့် အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုများအပါအဝင် ဒုစရိုက်မှုမျိုးစုံကို အမျိုးသားရေးအသွင်ဖြင့် နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်သူများနှင့် ပူးပေါင်းလက်တွဲကာ ထိထိရောက်ရောက် ပြတ်ပြတ်သားသားတိုက်ဖျက်နှိမ်နင်းပြီး စုံစမ်းဖော်ထုတ်အရေးယူမှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# စည်ပင်သာယာဈေးကြီးတွင် မီးဘေးကြိုတင်ကာကွယ်ရေးဆောင်ရွက်

ကျေးသီး မတ် ၁၅

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကျေးသီးမြို့နယ် စည်ပင်သာယာဈေးကြီးတွင် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ မီးငြိမ်းသတ်ခြင်းလက်တွေ့သရုပ်ပြဆောင်ရွက်ခြင်းကို မတ် ၁၁ရက် နံနက် ၁၀နာရီက ဆောင်ရွက်ခဲ့ကြသည်။

ရှေးဦးစွာ မီးသတ်ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြင့်ဝင်းကြိုင်က မြို့မဈေးမီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဈေးအတွင်း၊ အပြင် သန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ မီးချိတ်၊ မီးကပ်၊ ရေပုံး၊ သဲပုံးများ၊ မီးသတ်ဆေးဘူးများ၊ ရေလှောင်ကန်များတွင် ရေများအဆင်သင့်ရှိစေရေး၊ အသေးစားမီးသတ်စက်များ အဆင်သင့်စီမံဆောင်ရွက်ထားရှိစေရေး၊ ဈေးသူ၊ ဈေးသားများ မီးဘေးကြိုတင်ကာကွယ်ရေးလိုက်နာဆောင်ရွက်ရန်အချက်များကို အသိပညာပေးပြောကြားပြီး မီးသတ်ဆေးဘူး အသုံးပြုပုံအား ရှင်းလင်းပြသ၍ ရေစိုဝတ်ဖြင့် မီးငြိမ်းသတ်ခြင်း၊ မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်ခြင်းနှင့် ရေဖြင့်မီးငြိမ်းသတ်ခြင်းများကို လက်တွေ့သရုပ်ပြလေ့ကျင့်ခဲ့ကြသည်။

အဆိုပါ လက်တွေ့မီးငြိမ်းသတ်သရုပ်ပြလေ့ကျင့်ခြင်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသက်နောင်ဖြူနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဇော်မင်းထိုက်နှင့်ဝန်ထမ်းများ၊ ဈေးအကျိုးတော်ဆောင်ကော်မတီဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဈေးသူ၊ ဈေးသားများ တက်ရောက်၍ လက်တွေ့ပါဝင်ဆောင်ရွက်ခဲ့ကြသည်။

ထို့နောက် မြို့နယ်စည်ပင်သာယာဈေးအတွင်း ဈေးဆိုင်ခန်းများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိနှင့်ဝန်ထမ်းများ၊ ဈေးအကျိုးတော်ဆောင်ကော်မတီဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက မီးဘေးလုံခြုံရေးဆောင်ရွက်ထားရှိမှုများအား လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး မီးဘေးအန္တရာယ်ကင်းရှင်းရေး လက်ကမ်းစာစောင်ကို ဈေးရောင်းသူ၊ ဈေးဝယ်သူများအား ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။



(ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)

| အင်္ဂလိပ်ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၉)အနိုင်၊ အရှုံး (NGB) | | |
|---|---|---|
| အဲဗာတန် | ၁ - ၁ | ဝက်စ်ဟမ်း |
| အစ်ဆွစ်ချ် | ၂ - ၄ | နော်တင်ဟမ် |
| ဆောက်သမ်တန် | ၁ - ၂ | ဝုဖ် |
| မန်စီးတီး | ၂ - ၂ | ဘရိုက်တန် |

| အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၉)အနိုင်၊ အရှုံး (NGB) | | |
|---|---|---|
| မွန်ဇာ | ၁ - ၁ | ပါးမား |
| အူဒီးနီးစ် | ၀ - ၁ | ဗီရိုနာ |

| ဂျာမန်ဘွန်ဒက်စ်လီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၆)အနိုင်၊ အရှုံး (NGB) | | |
|---|---|---|
| ဝါဒါဘရီမင် | ၂ - ၄ | ဂလာဘတ် |
| အော့စ်ဘတ် | ၁ - ၀ | ဝုဖ်ဘတ် |
| မိန့်ဇ် | ၂ - ၂ | ဖရိုင်းဘတ် |
| ယူနီယံဘာလင် | ၁ - ၁ | ဘိုင်ယန်မြူးနစ် |

| စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၈)အနိုင်၊ အရှုံး (NGB) | | |
|---|---|---|
| ပယ်လာဒိုးလစ် | ၀ - ၁ | ဆဲလ်တာဗီဂို |

☼ စာမျက်နှာ ၂၄ မှ

ယခုနှစ်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင် အသင်းအရေအတွက် တိုးလာသည်နှင့်အညီ လက်ရှိချန်ပီယံ ISPE FC အသင်းက ၎င်းတို့အသင်း အိမ်ကွင်းအဖြစ် တောင်ဥက္ကလာပမြို့နယ်ရှိ ပဒေသာကွင်းအား အိမ်ကွင်းအဖြစ် အသုံးပြုယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

(NGB)




# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများလိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် မတ် ၁၅

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်း ထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ် မတ် ၁၄ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "kaungmyat" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် အထက်စံပြကျေးရွာနေ မြတ်မင်းထွန်းအား ညနေ ၅ နာရီ ၅ မိနစ်တွင်လည်းကောင်း၊ "@usoetint47" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် မဇင်းရပ်ကွက်နေ စိုးတင့်(ခ) ဇော်ထွန်းအား ည ၇ နာရီ မိနစ် ၄၀ တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

အားကစားမြင့်တင် စိတ်လန်းရွှင်
ဆန့်ကျင်မူးယစ်ဆေး။

# မြန်မာ့အုန်းမောင်း (ခေါ်) သုသိရစည်

အိုးဝေ(မြေနီကျင်း)

စာရေးသူ ဤအကြောင်းကို မျှဝေပေးချင်သည့်ဆန္ဒ လွန်ခဲ့သောနှစ်များစွာကပင် ဖြစ်ခဲ့သည်။ ယနေ့လူငယ်အချို့ 'မြန်မာ့အုန်းမောင်း၊ ကုလားတက်' အကြောင်းအကျဉ်းမျှ သိမည်ဖြစ်သည်။ နိုင်ငံတိုင်းတွင် လူမျိုးရှိသည်။ ထိုလူမျိုးတိုင်း၌ သူ့နိုင်ငံ၊ သူ့ယဉ်ကျေးမှုနှင့် သူ့ရိုးရာဓလေ့ကို ထိန်းသိမ်းကြရသည်။ အထူးသဖြင့် မိမိလူမျိုး၏ ရိုးရာယဉ်ကျေးမှုစာပေအမွေအနှစ်နှင့် ရိုးရာဓလေ့များ မတိမ်ကောမပျောက်ပျက်စေရန် ထိန်းသိမ်းခြင်းသည် သမိုင်းပေးတာဝန်ကို ကျေပွန်ခြင်းဖြစ်သည်။ မြန်မာ့အုန်းမောင်း ကုလားတက်ကို ဘုရားကျောင်းကန်ရှိရာတို့တွင် တွေ့ရသည်။ အထူးသဖြင့် သာသနိကအဆောက်အအုံရှိရာ ရှေးဘုန်းကြီးကျောင်းများတွင် ယနေ့တိုင်တွေ့ရပြီး စနစ်တကျ ချိတ်ဆွဲလျက်အသုံးပြုနေဆဲ ဖြစ်သည်။ စာရေးသူ လွန်ခဲ့သောအနှစ်(၂၀)က အုန်းမောင်း ကုလားတက်သံကို နံနက်စောစော ဆောင်းတွင်းကာလတွင် ကြားရသည်။ ပတ်ဝန်းကျင်က တိတ်ဆိတ်၊ လေထုက သိပ်သည်းချိန် ကုလားတက်သံကို သဲ့သဲ့ကြားရ၍ စိတ်တွင်ကြည်နူးမိသည်။ အကြောင်းက မန္တလေးမြို့၊ ၆၂လမ်း အရှေ့ဘက်တွင် ရှေးဘုန်းကြီးကျောင်းများ များစွာရှိနေခြင်းကြောင့် ဖြစ်သည်။

ဤအုန်းမောင်း(ကုလားတက်)သံဖြင့် ကျေးလက်ဒေသတွင် အစဉ်အလာမပျက် တုံးခေါက်ချက်ပေးရင်း နိဗ္ဗာန်အကျိုးကို ရည်မျှော်၍ ဆောင်ကြဉ်းပေးလျက်ရှိသည်။ ရှေးဘုန်းကြီးကျောင်းများတွင် 'အုန်းမောင်း ကုလားတက်' ရှိနေသေးသော်လည်း အသုံးပြုမှုနည်းလာခြင်းက စိတ်မကောင်းစရာဖြစ်မိသည်။ အုန်းမောင်း ကုလားတက်ကို စနစ်တကျ ချိတ်ဆွဲရသလို တုံးခေါက်အချက်ပေးရင်း နိဗ္ဗာန်ကို ရည်သန်သူကလည်း စနစ်တကျ တုံးခေါက်တတ်ဖို့လိုသည်။ အုန်းမောင်းခေါက်ရာတွင် ချက်ကြီးသံ၊ မျှောသံ၊ ပိတ်သံတို့ကို နာရီအလိုက် တီးပေးရသဖြင့် တုံးခေါက်သူ၏တာဝန်ယူမှု၊ တာဝန်ခံမှု၊ တာဝန်ပြီးမြောက်ဖို့ကလည်း တာဝန်ကြီးလှပါသည်။ အများအားဖြင့် အုန်းမောင်း(ခေါ်) ကုလားတက်ကို အရှည်လိုက် အထက်အောက် ချိတ်ရသော်လည်း အုန်းမောင်းထိပ်ရှိ အရုပ်နရားထုရာတွင် အနုစိတ်လှသည်၊ အကြောင်းက မှာယူသူ၏ ဆန္ဒအရ အရုပ်ထုပေးရသည်။ ဤသို့ ပြုလုပ်ခြင်းသည် အုန်းမောင်းကို တန်ဆာဆင်ခြင်း တစ်မျိုးဖြစ်သည်။ ရှေးက ဘုရားကျောင်းကန်နှင့် ဘုန်းကြီးကျောင်းတို့တွင် ခေါင်းလောင်း၊ ကြေးစည်၊ ဆည်းလည်းနှင့်အတူ အုန်းမောင်း ကုလားတက်ကိုပါ အလှူဒါနပြုကြသည်။ ယခုအခါ 'အုန်းမောင်းကုလားတက်' အလှူမတွေ့ရသလို ဘုရားတန်ဆောင်းနှင့် နိဗ္ဗာန်ကုန်ရောင်းသည့်(ဆိုင်)နေရာ၌ပင် မတွေ့ရတော့ပါ။ ဤအလှူမျိုးကို မိမိအသံကောင်းရန်အတွက်လည်းကောင်း၊ အသံသြဇာပြည့်စေရန် အတွက်လည်းကောင်း စိတ်၌ရည်သန်၍ လှူရသောအလှူ ဖြစ်သည်။

အကယ်၍ နိဗ္ဗာန်ကုန်ပစ္စည်းရောင်းရာနေရာတွင် အရုပ်နရားအနုစိတ်အုန်းမောင်းကုလားတက် အမျိုးအစား(အသေး)ကို အလှအပအဖြစ် ချိတ်ဆွဲပြသပါက နိုင်ငံခြားခရီးသွားနှင့် မသိသေးသည့် လူငယ်ကျောင်းသားများအကြား မေးခွန်းထုတ်စရာ ဖြစ်လာနိုင်ပြီး မြန်မာ့ရိုးရာ အုန်းမောင်း တစ်ခေတ်ဆန်းလာမည်ဟု မျှော်လင့်မိသည်။ ယနေ့လူငယ်များ ခေတ်နှင့်အညီ ပြေးနေသော်လည်း 'မြန်မာ့ရိုးရာ လက်မှုပစ္စည်း' တစ်နည်းဆိုသော် ' နိဗ္ဗာန်အကျိုးရည်သန်သည့် သုသိရစည်' ကိုတော့ ကျော်မသွားသင့်ပါ။ မေးရင်ပြောပြဖို့နှင့် လေ့လာချင်စရာ မြန်မာ့အုန်းမောင်း ကုလားတက်ကို သိထားကြဖို့လိုမည် ဖြစ်သည်။ သို့ပါ၍ စာရေးသူသည် ဤ'အုန်းမောင်းကုလားတက်'အကြောင်း ဖော်ပြရင်း သိမှတ်ထားသမျှကို မျှဝေပေးလိုပါသည်။

### အုန်းမောင်း၏အဓိပ္ပာယ်

အုန်းမောင်းဟူသော ဝေါဟာရနှင့်ပတ်သက်၍ မြန်မာ့စကားအဖွင့်ကျမ်း၌ ဆရာကြီး ဦးဖိုးလတ် ဖော်ပြထားသည်မှာ အုန်းမောင်းအနက်ကို ဆင်ခြင်သော် 'အုန်း'၏အနက်မှာ (မိုးရွာထစ်အုန်း၊ အုန်းငြာခြိမ့်သဲ၊ အုန်းညံခြိမ့်ကြွေး၊ အုန်းအုန်းအင်းအင်း စသည်တို့၌) မြည်သံ၊ ဟိန်းသံ၊ မြည်သည်၊ ဟိန်းသည်ဟုရ၍၊ 'မောင်း'၏အနက်မှာ (ကြိမ်းမောင်း၊ ခြိမ်းမောင်း၊ တီးယွန်းခြိမ်းမောင်း၊ မောင်းမဲမောင်းနှင်စသည်တို့၌) အော်သည်၊ မြည်သည်၊ အော်သံမြည်သံ၊ အော်မြည်၍ နှင်သည်၊ အောင်မြည်၍ ခြောက်လှန့်သည်ဟုရ၏။ 'တီး'သည် မောင်းကိုလည်း 'မြည်'သောကြောင့် ဤသို့ခေါ်သည်ဟု ယူရ၏။ ထို့ကြောင့် 'အုန်းမောင်း'ဟူသော စကားတစ်ခုလုံး၏ အနက်မှာ မြည်ဟိန်းသည့်အရာ၊ မြည်ဟိန်းသည့် တီးစရာဟူ၍ ပေါ်ထွက်ချေသည်။ အုန်းမောင်း၏ မူလဘူတ ကနဦးက တိရစ္ဆာန်များကို ခြောက်လှန့်ရန် အသုံးပြုခဲ့သော်လည်း နောင်သောအခါ ဆွမ်းချက်ထရန်၊ ဘုရားဝတ်ပြုရန်မှအစ လိုအပ်သလို ချဲ့ထွင်ကာ 'အချက်ပေးကိရိယာ' အဖြစ် အသုံးပြုလာကြသည်ဟု ယူဆဖွယ်မှတ်သားရပါသည်။

'အုန်းမောင်းကုလားတက်'ကို မြန်မာနိုင်ငံ အထက်ပိုင်း ကျေးလက်အခေါ် (အညာ)က အုန်းမောင်းဟု ခေါ်ကြသည်။ ၁၂၄၇ ခုနှစ် မြန်မာနိုင်ငံ အောက်ပိုင်း(အကြေ)မှ အထက်အညာကို ကုလားများ တက်လာစဉ် အချက်ပေးသည်ကို အကြောင်းပြုပြီး 'ကုလားတက်' ဖြစ်လာသည်ဟု မှတ်သားရသည်။ 'ဆရာကြီး ဦးဖိုးလတ်'က ကလတက်အကြောင်း ရှင်းပြထားသည်မှာ ကလတက်ဟူသော စကားသည် မူလက အောက်အရပ်သုံး စကားမျှဖြစ်သည်။ အထက်(အညာ)တွင် အုန်းမောင်းဟူသော စကားကို သုံးစွဲရာ အင်္ဂလိပ်များ သိမ်းပိုက်ချိန်မှစပြီး ကုလားတက်ဟူသော စကားသည် ပျံ့နှံ့လွှမ်းမိုးလာပြီး 'အုန်းမောင်း'ဟူသော အသုံးမှေးမှိန်ခဲ့ရသည်ဟုလည်း မှတ်သားရသည်။ အမည် (ကလတက်) အခေါ်သည် မွန်ဘာသာစကားဖြစ်ပြီး 'ကလး'သည် ခြောက်လှန့်၊ မောင်းနှင်၊ ရှင်းလင်းဟု အဓိပ္ပာယ်ရပြီး 'တက်'သည် တီးခေါက်၊ ရိုက်နှက်ဟု အဓိပ္ပာယ်ရသည်။ ထို့ကြောင့် 'ကလတက်' ဟူသော စကားတစ်ခုလုံး၏ အနက်မှာ ခြောက်လှန့်မောင်းနှင် ရှင်းလင်းတီးခေါက် ရိုက်နှက်စရာ(ဝါ) ကျေးငှက် တိရစ္ဆာန်တို့ကို ခြောက်လှန့်ရိုက်နှက်စရာ တုံးဟူ၏။ ကုလားတက်လာသောအခါ တီးခေါက်ရာမှ 'ကုလားတက်'ဖြစ်သွားသည်ဆိုသောစကားမှာ 'ကုလားတက်နှင့် ကလတက်' အသံချင်း တူညီရောထွေးသွားသဖြင့် တစ်မျိုးတစ်မည် တွေးထင်ယူဆခြင်းမျှဖြစ်လေသည်ဟု မှတ်သားရသည်။

### သုသိရစည်နှင့် စည်အမျိုးမျိုး

အုန်းမောင်း (ခေါ်) ကုလားတက်သံသည် ဘာသာ သာသနာအကျိုး အသုံးပြုပစ္စည်းဖြစ်ခဲ့ပြီး ရှေးက အလွန်အသုံးတွင်ကျယ်ခဲ့သည်။ အုန်းမောင်းကို သစ်စည်(ခေါ်)'သုသိရစည်'ဟုလည်း ခေါ်ကြသည်။ သစ်တုံးကို ထွင်းထားသော စည်တစ်မျိုးဖြစ်၍ ယင်းသို့ခေါ်ခြင်းမှာ သဘာဝကျလှသည်။ အရှင်သံဃရက္ခိတထေရ်ပြုစုသော အဘိဓာန်ကျမ်းဂါထာအမှတ် ၁၃၉၊ ၁၄၀၊ ၁၄၁၊ ၁၄၂ တို့၌ ဖော်ပြထားသည်မှာ-

၁။ အိုးစည်ကဲ့သို့ တစ်ဖက်သတ်ပိတ်သော 'အာတတစည်'

၂။ မုရိုးစည်ကဲ့သို့ နှစ်ဖက်ပိတ်သော 'ဝိတတစည်'

၃။ ထက်စည်ကဲ့သို့ အလုံးစုံသားရေကြက်သော 'အာတတဝိတတစည်'

၄။ နှဲ၊ ပလွေ၊ ခရုသင်းကဲ့သို့ အခေါင်းပါသော 'သုသိရစည်'

၅။ မောင်း၊ ကြေးစည်၊ ထိုးစည်ကဲ့သို့ တစ်ခဲနက်သော 'ဃနစည်'


စသည်ဖြင့် စည်(ငါး)မျိုး ဖွင့်ဆိုထားရာ 'အုန်းမောင်း'မှာ သစ်တုံးကို ထွင်း၍ ထားသောကြောင့် 'သုသိရစည်'မျိုး ဖြစ်သည်ဟု ဆိုရပါမည်။ ကျမ်းဂန်အဆိုနှင့်ညီပေသည်။ သစ်တုံးကိုထွင်း၍ ခေါက်သောကြောင့် 'တုံးမောင်း'ဟူ၍လည်း ခေါ်ကြသည်။ သဘာဝကျသော အခေါ်ပင်ဖြစ်သည်။ ရှေးက နံနက်စောစော 'အုန်းမောင်း ခေါက်သံကြားလျှင် 'တုံးကြီးခေါက်ပြီ'ဟု ပြော လေ့ရှိသည်။

### အုန်းမောင်းဘယ်ခေတ်ကပေါ်လာသလဲ

အုန်းမောင်း(ခေါ်)ကုလားတက် ဘယ်ခေတ်က စတင်ပေါ်ပေါက်သလဲဆိုသောအချက် အတိအကျ မပြောနိုင်သေးပါ။ ပုဂံခေတ်ကျောက်စာများတွင် အုန်းမောင်းဆိုသော ဝေါဟာရမတွေ့ရပါ။ အုန်းမောင်း မရှိသေး၍ မတွေ့ရခြင်းလော၊ ရှိပြီးဖြစ်သော်လည်း ပုဂံခေတ်က အုန်းမောင်းဟု မသုံးနှုန်းဘဲ တခြားအမည်သုံးနှုန်းထားသလော၊ ဤအချက်ကို ဂဃနဏ ဆက်လက်သုတေသနပြုရလိမ့်မည်ဟု မှတ်သားရသည်။ ဘုရားဟောကျမ်းဂန်တို့၌ သံဃာတော်များ စည်းဝေးရန်ကိစ္စမျိုး၌ဖြစ်စေ၊ မကျန်းမာသည့်အခါမျိုး၌ဖြစ်စေ 'ကျောက်စည်ခေါင်းလောင်း' တီး၍ အချက်ပေးပုံကို မကြာခဏ ဖော်ပြလေ့ရှိသည်။ ယင်းအချက်ကိုထောက်၍ 'အုန်းမောင်း'သည် ဘုရားရှင်လက်ထက်ကပင် အမှန်တကယ်ရှိနိုင်သော 'သစ်စည်'တစ်မျိုးဖြစ်ကြောင်း ယူဆဖွယ်ရေးသားထားသည်ကို မှတ်သားရပါသည်။

### မြန်မာ့အုန်းမောင်းနှင့် တေးဂီတရှုထောင့်

ရတု၊ ရကန်၊ ပို့၊ ကဗျာစသော မြန်မာစာပေတို့၌ 'အုန်းမောင်း'အကြောင်း စပ်ဆိုထားသည်ကို မတွေ့ရသော်လည်း (တေးဂီတ)တေးသီချင်းများတွင် ကုလားတက်(ခေါ်)အုန်းမောင်းအကြောင်းကို ရှုထောင့်မျိုးစုံမှ ရေးစပ်ဖွဲ့ဆိုထားသည်ကို တစ်ချိန်က တွေ့ရသည်။ လွန်ခဲ့သောနှစ်(၇၀)ကျော်က တေးပြုစာဆို ဒဂုန်ဆရာတင်က 'မယ်တို့ဌာနီ'အမည်ဖြင့် တေးသီချင်းတစ်ပုဒ်ရေးစပ်၍ အဆိုတော် မသိန်းတန်က သီဆိုထားခဲ့ဖူးသည်။ ဤသီချင်းကို မမီလိုက်သလို နားမယဉ်ခဲ့ပါ။ သီချင်းစာသားကို ဖော်ပြပေးရပါက ကြားဖူးသူများ သတိရနေမည်ဖြစ်သည်။ မယ်တို့ဌာနီဝယ်×× ဘုန်းကြီးကျောင်းနဲ့ဥပုသ်စောင့်လို့ရယ်××× ရွှေတိဂုံ စေတီရင်ပြင်ဝယ်××× ဖူးမြော်ကန်တော့နိုင်တယ်×× ကြေးစည်ထုသံ××× ကုလားတက်သံ××× ရှိခိုးသံရယ် ×××နိုင်ငံခြားမှာ မကြားရတော့တယ်'ဟု ဤသီချင်း၏စာသားတွင် လွန်ခဲ့သောနှစ်များစွာက အုန်းမောင်းကုလားတက်သံကို ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့၏ ကုသိုလ်ရေးရာ ပွဲတင်သံအဖြစ် ဂုဏ်ယူဖွယ်၊ အောက်မေ့ဖွယ်အဖြစ် ဒဂုန်ဆရာတင်၏ သီကုံးရေးစပ်မှုက လက်တွေ့ခေတ် ရေစီးကြောင်းတွင် ရှင်သန်လျက်ရှိကြောင်း ပေါ်လွင်စေခဲ့ပါသည်။



တစ်ဖန် တေးပြုစာဆိုဆရာ ရွှေပြည်အေးကလည်း 'ဆွမ်းတော်ဗျို့'အမည်ဖြင့် တေးတစ်ပုဒ်ရေးစပ်၍ ကုလားတက်အကြောင်းကို အောက်ပါအတိုင်း သဘာဝကျကျ သရုပ်ဖော်ထားပါသည်။ ၄င်းတေးသီချင်းကို အဆိုတော် မြကေသီက သီဆိုပြီး မြန်မာ့ရုပ်မြင်သံကြားမှ အနှစ်(၂၀)ကျော် ခေတ်ဟောင်းဓာတ်ပြားခန်းတွင် ကြားနေရ၍ စိမ်းကြမည် မဟုတ်ပါ။ ယခုခေတ်ကာလဖြင့် ဖော်ပြပါက နှစ်(၅၀)ကျော်ခန့်က ဖြစ်မည်။ သီချင်းစာသားက '(နေအရုဏ်ရောင်ခြည်ကျင်း××ကွင်းတစ်ဖက်ကနော် ××လင်းကြက်ကဆော်×× ကျုပ်တို့ရွာ ထိပ်တစ်ခေါ်လေးဆီက အဝေးကျောင်းပေါ်×× ရှေးခေါင်းလောင်းသံဆော်××တဒေါက်ဒေါက်ပါနော်×× ခေါက်ခေါက်ကြသော် ×× ရွာဘက်အိမ်ဘက် ကုလားတက်ခေါက်သံပေါ် ××)'၂

'(ထမင်းလေး ဟင်းကလေးချက်ဖို့ အရေးကိုတော့ ××× လက်မနှေးသနော်လေလေ ××× ဆွမ်းဝတ်ပြုမယ် ဒကာမလေးရယ်လို့×× အမည်မွေးကျော်လေလေတို့ . . . (ဓမ္မူပေါ်)၂××ဗျို့ (အလှူတော်)'၂ တေးသီချင်းဖြစ်သည်။ ဤ ဆွမ်းတော်ဗျို့ စာသားတွင် ရှေးကအုန်းမောင်းကုလားတက်သံကြားရက ဗုဒ္ဓဘာသာဝင် မြန်မာအမျိုးသမီး ကြီး၊ ငယ်မဟူ ဆွမ်းချက်ထကြရပုံ ဤကဲ့သို့ ပိဏ္ဍပါတ်ဆွမ်းဝတ်ကို နေ့စဉ်ပြုနိုင်၍ ရပ်ထဲရွာထဲ သတင်းမွှေးပုံအကြောင်း ရေးဖွဲ့သီကုံးမှုသည် မြန်မာ့ဓလေ့ အရုဏ်ဦးဆွမ်းလောင်း ကုသိုလ်ပြုပုံမြင်ကွင်းကို ခံစားကြရပြီး ကုသိုလ်ပြုဖွယ် လွမ်းဆွတ်ဖွယ် အုန်းမောင်းသံကိုပါ တမ်းတ သတိရစေပါသည်။

သို့ပါ၍ ယနေ့အခါတွင်မူ မည်သည့် ကဗျာတေးသီချင်းတို့၏ စာသားများတွင် အုန်းမောင်းကုလားတက်အကြောင်း ထည့်သွင်းသုံးနှုန်းစပ်ဆိုမှုမတွေ့ရသလို ရှေးအခေါ် 'တုံးကြီးခေါက်သံ' အုန်းမောင်းသံသဲ့သဲ့ ကလတက်သံ (ကုလားတက်သံ)ကိုပင် မကြားရ၍ ဝမ်းနည်းစရာဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား- မာဂဓီ(သာစည်)**

**- မြန်မာ့ရှေးဟောင်းအုန်းမောင်း (ဝါ)ကုလားတက်**

**- (၁၉၈၀)ခုနှစ်**

# A.G.T.I ဒီပလိုမာ လက်မှတ်ပေးအပ်ပွဲ ကျင်းပ

**ရေနံချောင်း မတ် ၁၅**

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့ အစိုးရစက်မှုလက်မှုသိပ္ပံ (ရေနံချောင်း)၌ သတ္တမအကြိမ်မြောက် A.G.T.I ဒီပလိုမာ လက်မှတ်ပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့က အဆိုပါကျောင်းခန်းမ၌ ကျင်းပသည်။

ဦးစွာ အစိုးရစက်မှုလက်မှုသိပ္ပံ(ရေနံချောင်း) ကျောင်းအုပ်ကြီးဒေါက်တာဝင်းစန္ဒာ၊ စီမံခန့်ခွဲရေးနှင့်ပညာရေးအဖွဲ့ဝင်များက စင်မြင့်ပေါ်ရှိ သတ်မှတ်နေရာများတွင် နေရာယူကြပြီး တက်ရောက်လာသူများနှင့် အတူ နိုင်ငံတော်အလံကို အလေးပြုကြသည်။ ထို့နောက် ကျောင်းအုပ်ကြီးက A.G.T.I ဒီပလိုမာ အပ်နှင်းခံရသည့် မောင်မယ်များအား စောင့်ထိန်းရမည့်ကျင့်ဝတ်များကို လိုက်နာကျင့်သုံးရန် ကတိခံဝန်ပြုကြမည်လောဟု မေးမြန်းဆောင်ရွက်သည်။

ဆက်လက်၍(၂၀၂၃-၂၀၂၄) ပညာသင်နှစ် အစိုးရစက်မှုလက်မှုသိပ္ပံ(ရေနံချောင်း)မှ A.G.T.I (တတိယနှစ်)အောင်မြင်ကြသူများအား ကျောင်းအုပ်ကြီး ဒေါက်တာဝင်းစန္ဒာက A.G.T.I ဒီပလိုမာလက်မှတ်များ ပေးအပ်ရာ တက်ရောက် ၁၀၁ ဦးနှင့် အဝေးရောက် ၂၀ ဦး၊ စုစုပေါင်း ၁၂၁ ဦးကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

(၄၇၂)





# မြန်မာ့ရိုးရာ သနပ်ခါးနေ့ လှုပ်ရှားမှုအခမ်းအနား ကျင်းပ

**မိုင်းယု မတ် ၁၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်၊ မိုင်းယုမြို့၌ မြန်မာ့ယဉ်ကျေးမှု သနပ်ခါးလိမ်းခြယ်သည့်ဓလေ့ကို ထိန်းသိမ်းမြတ်နိုးတတ်စေရန်နှင့် မြန်မာ့သနပ်ခါးယဉ်ကျေးမှုကို ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်တစ်ခုအဖြစ် ထင်ရှားလာအောင် ပြည်သူအားလုံး ပါဝင်ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ မြန်မာ့ရိုးရာသနပ်ခါးနေ့ လှုပ်ရှားမှုအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက မိုင်းယုအခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

မြန်မာ့ရိုးရာသနပ်ခါးနေ့ လှုပ်ရှားမှု အခမ်းအနားတွင် မြို့အုပ်ချုပ်ရေးမှူး ဦးလောထွေးက မြန်မာမိန်းကလေးများအတွက် သနပ်ခါးသည် မရှိမဖြစ်လိုအပ်ကြောင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုများစွာရှိသည့်အနက် မြန်မာ့ရိုးရာသနပ်ခါးယဉ်ကျေးမှုသည် ယနေ့တိုင်ထင်ရှားသည့် ဓလေ့တစ်ခုဖြစ်ကြောင်း၊ ရှေးခေတ်ကတည်းက သနပ်ခါးကို မြန်မာမိန်းကလေးများ နှစ်သက်မြတ်နိုးစွာ အလှဆင်လိမ်းခြယ်ခဲ့ကြကြောင်း၊ မြန်မာ့ရိုးရာသနပ်ခါးလိမ်းခြယ်သည့် ဓလေ့ကို မြန်မာတစ်မျိုးသားလုံးက မြတ်နိုးတန်ဖိုးထားသည့် ရိုးရာယဉ်ကျေးမှုအမွေအနှစ်တစ်ခုဖြစ်သည့်အပြင် ကမ္ဘာ့အလယ်တွင် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် ထိန်းသိမ်းကာကွယ်နိုင်ရန် မြန်မာ့သနပ်ခါးနေ့ လှုပ်ရှားမှုအခမ်းအနားကို ကျင်းပခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ မြို့အုပ်ချုပ်ရေးမှူးနှင့်ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြပြီး သနပ်ခါးလိမ်းခြင်းကို ပျော်ရွှင်စွာ ကျင်းပဆင်နွှဲခဲ့ကြကြောင်း သိရသည်။

**(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

၀-၀-၀-၀-၀-၀

# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ စက်ရုံနှင့် မော်တော်ယာဉ်ဌာနတွင် ရှေးဦးပြုစုခြင်း(အခြေခံ)သင်တန်းပို့ချ



**မန္တလေး မတ် ၁၅**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနှင့်မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီတို့ ပူးပေါင်း၍ စက်ရုံနှင့်မော်တော်ယာဉ်ဌာနရှိ ဝန်ထမ်းများအား ရှေးဦးပြုစုခြင်း (အခြေခံ)သင်တန်းပို့ချခြင်းကို မတ် ၁၀ရက်က ချမ်းမြသာစည်မြို့နယ်၊ ၆၂ လမ်းရှိ စက်ရုံနှင့် မော်တော်ယာဉ်ဌာနခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး၊ တိုင်းကြက်ခြေနီ တပ်ဖွဲ့မှူး ဦးကျော်ကျော်က သင်တန်းသားများအား နှုတ်ခွန်းဆက်စကား ပြောကြားသည်။ **(ဝဲပုံ)**

သင်တန်းတွင် မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီတပ်ဖွဲ့မှုနည်းပြ ဦးအောင်သူဝင်းက မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ဖွဲ့စည်းပုံနှင့်ရည်ရွယ်ချက်များ၊ ထိခိုက်ဒဏ်ရာ ရှေးဦးပြုစုနည်းများ၊ လူနာဆန်းစစ်ခြင်းဘာသာရပ်များအား စာတွေ့၊ လက်တွေ့ ပုံစံငယ်များဖြင့်သင်ကြား ပို့ချပေးခဲ့ကြောင်း သိရသည်။**(၀၄၅)**

# ဆောင်းရာသီတွင် စိုက်ပျိုးသော ကုလားပဲ ၂၄၁ ဧက ရိတ်သိမ်းပြီးစီး

**ကျွန်းလှ မတ် ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် စပါးအပြင် ပဲမျိုးစုံသီးနှံ စိုက်ပျိုးကြရာ ယခုနှစ် ဆောင်းရာသီတွင် စိုက်ပျိုးသော ကုလားပဲ ၂၄၁ ဧက ရိတ်သိမ်းပြီးဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

“ကျွန်းလှမြို့နယ်မှာ ဒီနှစ် ဆောင်းရာသီ ကုလားပဲစိုက်ပျိုးဖို့ ၂၃၉ ဧက လျာထားပြီး ၂၄၁ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ စိုက်ပျိုးရာမှာ လယ်ရိတ်သိမ်းပြီး သီးထပ်အဖြစ် အများဆုံးစိုက်ပျိုးကြပါတယ်။ အခုအခါ စိုက်ဧကအားလုံးရိတ်သိမ်းပြီး တစ်ဧက ၂၂ ဒသမ ၇၆ တင်းထွက်ရှိပါတယ်”ဟု မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောသည်။

အဆိုပါ ကုလားပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်ရန်အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ အထွက်နှုန်းကောင်းမျိုးများ စိုက်ပျိုးရေး၊ စိုက်နည်းစနစ် မှန်ကန်ရေးနှင့် ရိတ်သိမ်းချိန်လွန် နည်းပညာများ ကွင်းဆင်းအသိပညာပေးခဲ့သည်။

ကျွန်းလှမြို့နယ်တွင် ယခုနှစ်ဆောင်းရာသီ၌ မတ်ပဲ၊ ထောပတ်ပဲ၊ ကုလားပဲ၊ စားတော်ပဲ၊ စွန်တာပြာသီးနှံများ စိုက်ပျိုးကြကြောင်း၊ တောင်သူများ ဝင်ငွေရရှိပြီး ဒေသခံပြည်သူများအလုပ်အကိုင် အခွင့်လမ်းရရှိကြကြောင်း သိရသည်။ (ဝဲပုံ)

(၄၈၀)





# ဆောင်းသီးနှံများ ရိတ်သိမ်း

**ရေနံချောင်း မတ် ၁၅**

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်တွင် ဆောင်းသီးနှံကို ယခုနှစ်တွင် ကိုင်းမြေများတွင် စိုက်ပျိုးကြရာ ယခုရက်သတ္တပတ်တွင် ရိတ်သိမ်းနေကြပြီဖြစ်ကြောင်း မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ရေနံချောင်းမြို့နယ် တောင်သူများထံမှ သိရသည်။

ရေနံချောင်းမြို့နယ်သည် ကုလားပဲ အပါအဝင် စားတော်ပဲ၊ ပဲထောပတ်၊ ပဲလွန်းတို့ကို ဧရာဝတီမြစ်ရိုးတစ်လျှောက် ကျေးရွာများရှိ တောင်သူများက အဓိက စိုက်ပျိုးကြသည်။

“ကုလားပဲများ ရိတ်သိမ်းနေပါပြီ၊ အရောင်းအဝယ်ကောင်းမွန်ပါတယ်၊ ဒီမှာ ရောင်းသူရှိသလို မကွေးကို တင်ပို့ရောင်းချတာလည်းရှိပါတယ်”ဟု မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်က တောင်သူအမျိုးသားတစ်ဦးမှ ပြောသည်။ **(အပေါ်ပုံ)**

ဈေးကွက်၌ ကုလားပဲကို ပွဲစားကုန်သည်များက ဝယ်ရောင်းလုပ်ကြသည့်အပြင် ပဲခွဲစက်များတွင် ကုလားပဲခြမ်းအတွက်နှင့်ပဲမှုန့်စက်များအတွက် ဝယ်ယူကြကြောင်း သိရသည်။ (၄၇၂)

# ခရိုင်အဆင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာ ကြီးကြပ်မှုဆပ်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၅) ကျင်းပ



**ကျောက်ဆည် မတ် ၁၅**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့တွင် ခရိုင်အဆင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာ ကြီးကြပ်မှုဆပ်ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၂၅)ကို ယမန်နေ့ နံနက် ၁၀ နာရီက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အဆိုပါအစည်းအဝေးတွင် ခရိုင်ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာ ကြီးကြပ်မှုဆပ်ကော်မတီ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းမြတ်နိုင်က ကော်မတီ၏ရည်ရွယ်ချက်များနှင့် လုပ်ငန်းတာဝန်များ အောင်မြင်ရေး၊ နွေရာသီကာလအတွင်း တောမီးနှင့် အခြားအကြောင်းအမျိုးမျိုးကြောင့် မီးလောင်မှုလျှော့ချရေး၊ မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ်ရေးလုပ်ငန်းများနှင့် ရာသီဥတုပြောင်းလဲမှု လျှော့ချရေးလုပ်ငန်းစဉ်များအပါအဝင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကိစ္စရပ်များတွင် ဌာနဆိုင်ရာများမှ ပူးပေါင်းဆောင်ရွက်ရေး အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ခရိုင်ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာ ကြီးကြပ်မှုဆပ်ကော်မတီ အတွင်းရေးမှူး၊ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးမျိုးသီဟက ပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ဖွံ့ဖြိုးရေးလုပ်ငန်းများအပါအဝင် ကဏ္ဍအသီးသီးမှ လုပ်ငန်းများ ကွင်းဆင်းစစ်ဆေး၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေး သဘောထားမှတ်ချက် ပြန်ကြားထားမှု အခြေအနေ၊ ခရိုင်အတွင်း ဝန်းကျင်လေထုအရည်အသွေး၊ စက်ရုံ၊ အလုပ်ရုံများမှ ထွက်ရှိသည့် မီးခိုးငွေ့နှင့် ရေအရင်းမြစ်များ၏ ရေထုအရည်အသွေးတိုင်းတာစစ်ဆေးမှု အခြေအနေများကို ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသည့် ကော်မတီဝင်များက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြခဲ့ကြကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

**အောင်ပိုင်ပိုင်ကျော်**

၀-၀-၀-၀-၀-၀



## အသည်းရောင်အသားဝါ(အေ)ရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြော

**တောင်တွင်းကြီး မတ် ၁၅**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ် ပြည်သူ့စာကြည့်တိုက်တွင် ယမန်နေ့က အသည်းရောင်အသားဝါ(အေ)ရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

အသိပညာပေးဟောပြောပွဲတွင် ရပ်သံကျွမ်းကျင်(၃) ဒေါ်မိုင်စန်းသီတာဌေးက အသည်းရောင်အသားဝါ(အေ)ရောဂါ ကူးစက်နိုင်သည့် နည်းလမ်းများ၊ အသည်းရောင်အသားဝါ(အေ)ရောဂါသည် အသည်းရောင်အသားဝါ(အေ)ရောဂါပိုးကြောင့် ဖြစ်ပွားပြီး အလွယ်တကူ ကူးစက်တတ်စေ၍ ကပ်ရောဂါအသွင်လည်း ဖြစ်ပွားနိုင်ကြောင်း၊ အသက်အရွယ်မရွေး ဖြစ်ပွားလေ့ရှိပြီး အထူးသဖြင့် ကလေးငယ်များတွင် ပိုမိုဖြစ်ပွားတတ်ကြောင်း၊ အသည်းရောင်အသားဝါ(ဘီ) သို့မဟုတ်(စီ)ရောဂါပိုးရှိသူ၊ အိတ်ချ်အိုင်ဗွီပိုးရှိသူများ ရောဂါဖြစ်ပွားပါက ပိုမိုပြင်းထန်စွာ ခံစားရနိုင်ခြင်း၊ ဖျားခြင်း၊ မောပန်းနွမ်းနယ်ခြင်း၊ အစားအသောက်ပျက်ခြင်း၊ ပျို့အန်ခြင်း၊ ဗိုက်အောင့်ခြင်း၊ အသားဝါခြင်း၊ မျက်လုံးဝါခြင်းစသည့် ရောဂါလက္ခဏာများအကြောင်း၊ ကာကွယ်ရမည့် နည်းလမ်းများအကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲသို့ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူ ၄၀ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

**နောင်နောင်(ဗိုလ်သန်းမြေ)**

## စာအုပ်လှူဒါန်းပွဲနှင့် စာဖတ်ဝိုင်းဆွေးနွေးပွဲ ကျင်းပ

**ဇမ္ဗူသီရိ မတ် ၁၅**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်၌ စာကြည့်တိုက်များ ရေရှည်ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲနှင့် စာအုပ်လှူဒါန်းပွဲကို ယမန်နေ့ နံနက်ပိုင်းက ကျင်းပသည်။

ရှေးဦးစွာ နေပြည်တော် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်က စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်စေရေး၊ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် စာကြည့်တိုက်ကော်မတီဝင်များက စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အသီးသီးဆွေးနွေးတင်ပြကြသည်။

ထို့နောက် နေပြည်တော် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်၊ ဇမ္ဗူသီရိမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နီလာစိုးနှင့် တာဝန်ရှိသူများက ရပ်ကွက်၊ ကျေးရွာစာကြည့်တိုက်များအတွက် စာအုပ်များအား ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ဆက်လက်၍ စာရေးဆရာ ဒေါက်တာအောင်မြင့်(ဆေးမန်း) ရေးသားသည့် အောင်မြင့်ရေးတဲ့ အောင်မြင်ရေးစာအုပ်ဖြင့် စာဖတ်ဝိုင်းဆွေးနွေးပွဲကို ကျင်းပခဲ့ရာ နေပြည်တော် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးက စာပေဖတ်ရှုသည့် အလေ့အကျင့်ကောင်းများ တိုးပွားရရှိကာ စာဖတ်ရှိန်မြင့်မားပြီး အသိပညာဗဟုသုတများ အပြန်အလှန်ဖလှယ် ဆွေးနွေးနိုင်ရေးနှင့် စာပေချစ်မြတ်နိုးသူများ အချင်းချင်း ချစ်ခင်စည်းလုံးမှု ပိုမိုရရှိစေရေး ရည်ရွယ်ကာ စာဖတ်ဝိုင်း ပြုလုပ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။ **(အပေါ်ယာပုံ)**



ထို့နောက် စာရေးဆရာများဖြစ်သော အိုင်ပီမျိုးအောင်၊ အောင်ဆွေထက်(ချွေးမြို့တော်)၊ အညာသားဗတူး (ကျားတက်မြေ)၊ သဘာဝ၊ မောင်အောင်ဝေ (ညောင်ခြေထောက်)၊ ရဲမွန်ကျော်၊ ယုံလေး၊ ရှာန်(စွမ်းအင်)၊ ကျော်လွင်မြင့်(မှော်ဝန်း)၊ သတင်းထောက် မြင့်မောင်နှင့် စာပေဝါသနာရှင်များက စာရေးဆရာ ဒေါက်တာအောင်မြင့်(ဆေးမန်း) ရေးသားသည့် အောင်မြင့်ရေးတဲ့ အောင်မြင်ရေးစာအုပ်အား ဖတ်ရှု၍ မိမိတို့၏ရှုထောင့်အသီးသီးမှ ခံစားနားလည်မှုများကို ပြန်လည်ဆွေးနွေးခဲ့ပြီး သုံးသပ်ဆွေးနွေးခဲ့သည့် အကြောင်းအရာများအပေါ် စာရေးသူ၏ ခံစားရေးသားခဲ့မှုများကို အပြန်အလှန် ဆွေးနွေးဖလှယ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မောက်မယ်မြို့နယ်၌ နွေရာသီ အခြေခံအားကစားသင်တန်း ဖွင့်လှစ်

**မောက်မယ် မတ် ၁၅**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မောက်မယ်မြို့နယ်အတွင်းရှိ လူငယ်လူရွယ်များ နွေရာသီ ကျောင်းပိတ်ရက်များတွင် အချိန်ကို အကျိုးရှိစွာ အသုံးချနိုင်စေရန်၊ လူငယ်မျိုးဆက်သစ် အားကစားသမားများ မွေးထုတ်ပေးနိုင်ရေး၊ လူငယ်လူရွယ်အချင်းချင်း ချစ်ခင်စည်းလုံးညီညွတ်မှုရရှိရေး၊ ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင် ဖွံ့ဖြိုးတိုးတက်စေရန်၊ လူငယ်များ ကာယစွမ်းအား၊ ဉာဏစွမ်းအား တိုးတက်မြင့်မားစေရန်နှင့် ထူးချွန်ထက်မြက်ပြီး အရည်အသွေးပြည့်ဝသော နိုင်ငံ့ဂုဏ်ဆောင်မည့် မျိုးဆက်သစ် အားကစားသမားကောင်းများ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ ကြီးမှူးကျင်းပသည့် နွေရာသီအခြေခံအားကစားသင်တန်းကို မြို့နယ်နမ့်ယွမ်းဂေါက်ကွင်းနှင့် မြို့နယ်နမ့်ယွမ်းခန်းမ၌ ဖွင့်လှစ်လေ့ကျင့်သင်ကြားပေးခဲ့သည်။

အဆိုပါအားကစားသင်တန်းတွင် မတ် ၅ ရက်မှ စတင်ကာ ဧပြီ ၄ ရက်အထိ ဖွင့်လှစ်လေ့ကျင့်ပေးသွားမည်ဖြစ်ပြီး အခြေခံအားကစားသင်တန်းတွင် ဘောလုံး၊ ဘော်လီဘော၊ ကြက်တောင်၊ ပိုက်ကျော်ခြင်းနှင့် အေရိုးဗစ်သင်တန်းများကို မြို့နယ်နမ့်ယွမ်းဂေါက်ကွင်း၊ နမ့်ယွမ်းခန်းမနှင့် မြို့နယ် အား/ကာရုံးများတွင် ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ နွေရာသီကျောင်းပိတ်ရက်များတွင် အချိန်ကို အကျိုးရှိစွာ အသုံးချနိုင်စေရေး စိတ်ပါဝင်စားစွာဖြင့် သင်တန်းသို့ လာရောက်တက်ရောက်ကြောင်း မြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာနမှ မြို့နယ်အားကစားမှူး ဦးစိုင်းအောင်ကျော်ကျော်ထံမှ သိရသည်။



(ဝဲပုံ)

**မြို့နယ်(ပြန်/ဆက်)**

သစ်တောသစ်ပင်
ချစ်ခင်တဲ့လူမျိုး
သစ်ပင်ကို
နှစ်စဉ်စိုက်
ရှေ့တိုက်ကိုစိုး။

# ပြန် လှည့် ကြည့် ဖြစ် တဲ့ သ က္က ရာဇ် များ (၁၁၃)

သွယ်အောင်

ရတနာပုံသတင်းစာထဲမှ ကာတွန်းများကို ကြည့်ပြီး ကာတွန်းပြန်ရေးဆွဲဖို့ ဆုံးဖြတ်ချက်ချလိုက်သည်။ ကျွန်တော့်မိတ်ဆွေ ကိုတင်ဝင်း ပြောသလို ရတနာပုံသတင်းစာထဲမှ ကာတွန်းများမှာ ပီပြင်သည်။ ဖတ်ရသည်မှာ အရသာရှိသည်။ သတင်းကာတွန်းပီသသည်။ ယင်းကာတွန်းများကို ဖတ်မိပြီး ၁၉၇၈ ခုနှစ်က ရပ်ဆိုင်းခဲ့သော ဟံသာဝတီသတင်းစာကို ပြန်လည်အမှတ်ရနေမိသည်။

ရတနာပုံသတင်းစာတိုက်သည် ယခင်က ထွက်ရှိခဲ့သည့် ဟံသာဝတီသတင်းစာတိုက်နေရာဟောင်းတွင် ဖြစ်ပြီး ဟံသာဝတီသတင်းစာတိုက်မှ ကျန်ရှိခဲ့သည့် ခဲစာလုံး၊ ဘလောက်တုံးများ၊ ပုံနှိပ်စက်များ၊ လူဟောင်းအချို့ဖြင့် ပြန်လည်ထွက်ရှိလာသော သတင်းစာဖြစ်သည်။

ရတနာပုံသတင်းစာသည် ၁၉၉၂ ခုနှစ်၊ မေလ ၁ ရက်မှစတင်၍ ထွက်ရှိခဲ့ခြင်းဖြစ်ပြီး ကျွန်တော် ကာတွန်းပြန်ဆွဲမည့်နှစ် ၁၉၉၄ ခုနှစ်ဖြစ်ရာ သတင်းစာသက်တမ်းမှာ ၂ နှစ်ပင် ကျော်ခဲ့ပေပြီ။

ကျွန်တော့်အတွက် ၁၉၈၄ ခုနှစ်မှ ၁၉၉၄ ခုနှစ်အထိ ကာတွန်းလုံးဝမရေးဆွဲတော့ဘဲ ကဗျာများကိုသာ တစိုက်မတ်မတ် ရေးဖွဲ့နေလေသည်။ ကာတွန်းရေးဆွဲမည့် ကလောင်အမည်အတွက် စဉ်းစားမရ ဖြစ်လာသည်။ ယခင် ဟံသာဝတီသတင်းစာတိုက်တွင် ရေးဆွဲခဲ့သော ကာတွန်းငယ်ငယ် ကလောင်ကိုလည်း မကြိုက်နှစ်တော့သဖြင့် ကာတွန်းကလောင်အမည်အသစ်ဖြင့် ရေးဆွဲရန်အတွက် ကလောင်အမည် ရွေးချယ်နေရာ တစ်လခန့်ကြာသွားခဲ့သည်။

ယင်းသို့ ကာတွန်းကလောင်အမည်အသစ် စဉ်းစားနေစဉ် တစ်ဖက်မှလည်း ကဗျာများကို ရေးဖွဲ့နေမိသည်။ ၁၉၉၄ ဩဂုတ်လထဲတွင် ကဗျာတစ်ပုဒ်ရေးဖွဲ့ဖြစ်သည်။ ယင်းကဗျာမှာ မန္တလေးမြို့၏



ဖွံ့ဖြိုးတိုးတက်မှုကို ခံစားရေးဖွဲ့ဖြစ်သည့် ကဗျာလည်းဖြစ်သည်။

မန္တလေးမြို့မှာ တိုက်တာ အဆောက်အအုံများက တစ်ရှိန်ထိုးတိုးတက်နေပြီး လမ်းများလည်း ပို၍ကျယ်လာသည်။ မြို့မှာ မြို့နှင့်ပို၍ တူလာသည်။ မြို့ခံစားမှုကဗျာအဖြစ် 'မန္တလေးလမ်း' ကဗျာအမည်ဖြင့် ကဗျာရေးဖွဲ့ကြည့်မိခြင်း ဖြစ်သည်။ ယင်းကဗျာ ၁၉၉၇ ခုနှစ်၊ မေလထုတ် မန္တလေးယဉ်ကျေးမှုဂျာနယ်၏ အဖွင့်စာမျက်နှာတွင် ပုံနှိပ်ဖော်ပြခံခဲ့ရသည်။

**မန္တလေးလမ်း**

*** ငါ ...**
**ခြောက်လမ်းသွား လမ်းမပေါ်မှာ**
**ခလုတ်ထီးကို နှိပ်လိုက်တယ်**
**ဖြောင်းခနဲ မြည်သံနှင့်အတူ**
**ဆံပင်ထူထူတွေအပေါ်**
**ရောင်စုံပန်းတစ်ခိုင်**
**လုံခြုံစွာ ဖူးပွင့်သွားရဲ့ ။**

*** အလို ...**
**ငါ့ရှေ့က နီ့နှစ်ရောင်စိမ်ခံကားကလေး**
**အချက်ပြ ပြေးဝင်လာပေါ့**
**လမ်းခွဲတစ်ခု ချိုးကွေ့ဖို့**
**နိဒါန်းပျိုးခြင်းပါလား**
**သတိထား**
**ကံတရားမလှရင်**
**လွင့်ပါသွားနိုင်တယ် ။**

*** ဘယ်လိုသီချင်းများပါလိမ့်**
**ပုစဉ်းရင်ကွဲအော်သံနှင့်**
**နယ်လှည့် ထီရောင်းကားတွေဆီက**
**ပျံ့သန်းလာခြင်းပဲ**
**'သင့်ဘဝတက်လမ်း**
**ဖြတ်သန်းဒီမှာ'တဲ့**
**လူတိုင်းစိတ်ဝင်စားတဲ့ ဝါကျပါလား**
**ထားလိုက်ပါတော့ (ဖြစ်နိုင်ရင်)**
**စိတ်ကူးများကို ရွေချထားချင်တယ် ။**

*** ဟိုတယ်တစ်ခုရဲ့ ဦးခေါင်းကလည်း**
**မိန်းမတစ်ယောက်**
**ရွှေချည်ထိုးဦးထုပ် ဆောင်းထားသလို**
**တီဗွီ အင်တာနာနဲ့ ဂြိုဟ်တုစလောင်းချပ်**
**နေရောင်ထဲမှာ တဖျပ်ဖျပ်**
**မြို့ပြ ပြဇာတ် က,ပြနေတယ် ။**

*** ဒါ ...**
**အရပ်ရှည်နေတဲ့ မြို့ပဲ**
**အဆောက်အအုံတွေကို ကြည့်လေ**
**မှန်ချပ်ကာ အင်္ကျီတွေနဲ့**
**ကြွေရည်သုတ် ဓာတ်လှေကားတွေနဲ့**
**ရွေ့လျားစက်လှေကားတွေနဲ့**
**ကာရာအိုကေ သီချင်းသံတွေနဲ့**
**ကောင်းကင်မျက်နှာပေါ်**
**ဘီယာပွဲတော် ခွဲပျော်ကြတော့မယ် ။**

*** ငါလည်း ...**
**ခြောက်လမ်းသွား လမ်းမကြီးပေါ်မှာ**
**သင်းကွဲငှက်တစ်ကောင်နဲ့**
**ခပ်ဆင်ဆင်တူလို့**
**တစ်ကိုယ်စာ**
**လုံခြုံရာတဲ့ ရောင်စုံထီးကလေးရဲ့**
**သင့်ကို အားနာလှတော့တယ် ။**

*** နောက်ဆုံး ...**
**လမ်းမရဲ့ တစ်ဖက်**
**ထီးတစ်လက်နဲ့**
**ကူးဖို့ ခက်ခဲနေတဲ့ ငါ့အား**
**အရပ်ရှည်ရှည် မြို့ကြီးက**
**သနားကြည့်နဲ့**
**ငုံ့ကြည့်နေရှာရဲ့ ။ ။**

**သွယ်အောင်**

**(မန္တလေးယဉ်ကျေးမှုဂျာနယ်) ၁၉၉၇၊ မေလ**




ရတနာပုံသတင်းစာတွင် ကာတွန်းပြန်ရေးနိုင်ရန် ကလောင်အမည် စဉ်းစားရင်း ကာတွန်းရေးဆွဲမည့် ဖောင်တိန်များအား ပြန်ရှာပြီး (A4)စာရွက်အဖြူများပေါ်တွင် ကာတွန်းပုံများ ပြန်လည်လေ့ကျင့်ရေးဆွဲဖြစ်သည်။ စာရေးကိရိယာဆိုင်များတွင်လည်း တစ်ခါသုံးဆော့ပင်များဝယ်၍ ပုံဆွဲလေ့ကျင့်သည်။ ကလောင်အမည် စိတ်တိုင်းမကျသေးသဖြင့် ရတနာပုံသတင်းစာတိုက်သို့ ပုံများမပို့ဖြစ်သေးဘဲ စာရွက်အလွတ်ဖြင့် ပုံဆွဲလေ့ကျင့်နေမိသည်က တစ်လလောက် ကြာသွားသည်။

၁၉၉၄ စက်တင်ဘာလတွင် ကဗျာတစ်ပုဒ်ရေးဖွဲ့ဖြစ်သည်။ ကဗျာရေးဖွဲ့ဖြစ်သောနေ့မှာ (၅-၉-၁၉၉၄) ရက်ဖြစ်သည်။ ကဗျာမှာ ကျေးဇူးတရားနဲ့ပတ်သက်၍ ခံစားရေးဖွဲ့ကြည့်ခြင်းဖြစ်သည်။ သဘာဝတရားကို နောက်ခံထား၍ မဖြစ်မနေ ကျေးဇူးတင်ရမည့် ဘဝနေထိုင်မှု အနေအထားကို ရှုမြင်ခံစားရေးဖွဲ့ကြည့်ခြင်းလည်း ဖြစ်သည်။ အံ့သြဖို့ကောင်းသည်မှာ ယင်းကဗျာ ၁၅ နှစ်ကြာမှ မဂ္ဂဇင်းစာမျက်နှာပေါ် ပုံနှိပ်စာလုံးအဖြစ် ဖော်ပြခြင်းခံခဲ့ရပါသည်။ ကဗျာမှာ ရိုးရိုးရှင်းရှင်းဖြစ်ပြီး သက်မဲ့ဖြစ်သည်။ သဘာဝတရားရှုခင်းအား နောက်ခံထား၍ ဓာတ်ပုံအရိုက်ခံကြည့်ဖြစ်သည်။ ကဗျာခေါင်းစဉ်မှာ 'နောက်ခံရှုခင်းနဲ့ ငါ့ဓာတ်ပုံ' ဖြစ်သည်။

**နောက်ခံရှုခင်းနဲ့ ငါ့ဓာတ်ပုံ**

*** အိပ်ပျော်နေတဲ့ တောင်တန်းရယ်**
**ငိုနေတဲ့ စမ်းချောင်းရယ်**
**မတ်တပ်ရပ်နေတဲ့ သစ်ပင်ရယ်**
**ရယ်မောနေတဲ့ ပင်လယ်ရယ်**
**ရွှက်လွှင့်နေတဲ့ ကောင်းကင်ရယ်**
**ပြီးတော့ ...**
**ပျော်ရွှင်ခြင်းတွေ**
**သုံးဆောင်ထားတဲ့ ငါရယ်**
**စုပေါင်းလို့**
**ဓာတ်ပုံအရိုက်ခံခဲ့တယ် ။**

*** ဒီအထဲ**
**အားလုံးရဲ့ကိုယ်စား**
**ကမ္ဘာမြေပြင်ကိုပဲ**
**ကျေးဇူးတင်မိတယ် ။**

*** ငါတို့**
**အားလုံးရဲ့ အလေးချိန်ကို**
**အမြဲတမ်း**
**ထမ်းပိုးထားရလို့ ။ ။**

**သွယ်အောင်**

**(စရဏမဂ္ဂဇင်း) ၂၀၀၉၊ စက်တင်ဘာလ**

ထိုကဗျာပါချိန်သည် ကျွန်တော့်အတွက် ဘဝနေထိုင်မှုများစွာ ပြောင်းလဲသွားပြီး မန္တလေးနေ့စဉ်သတင်းစာတိုက်တွင် အယ်ဒီတာအလုပ်ဖြင့် ၆နှစ်ခန့် အလုပ်ဝင်ရောက်နေပြီဖြစ်သည်။

၁၉၉၄ စက်တင်ဘာလကုန် နောက်ဆုံးနေ့တွင် ကာတွန်းရေးဆွဲမည့် ကလောင်အမည် စိတ်ကြိုက်ရွေးချယ်ဖြစ်သွားသည်။ ယင်းကလောင်မှာ အင်းဝမင်းကြီးအမည်နှင့် သွားတူနေသည်။ ကလောင်မှာ စွာစော်ကဲဟူသည့် အမည်ဖြစ်သည်။

အမှန်တိုင်းဆိုရသော် အင်းဝဘုရင်မင်းကြီး 'စွာစော်ကဲ' နှင့် ဘာမှမပတ်သက်ပါ။ ထိုအမည်မှ စာလုံးတစ်လုံးချင်းအနက်အဓိပ္ပာယ်ကို ကြိုက်၍ ယူလိုက်ခြင်းဖြစ်ပါသည်။ ကျွန်တော်ရေးဆွဲမည့် ကာတွန်းများမှာ 'သတင်းကာတွန်း' ဖြစ်၍ ထိထိမိမိ သရော်ပြီး ရယ်စရာဟာသရသ ပေးချင်သောကြောင့် ဖြစ်သည်။



## မီးသတ်ယာဉ်အသစ် လေးစီး လွှဲပြောင်းပေးအပ်ပွဲနှင့် စွမ်းရည်သရုပ်ပြသပွဲ ကျင်းပ



**မကွေး မတ် ၁၅**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မကွေးမြို့၌ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေကျပ် ၈၅၄ သန်းဖြင့် ဝယ်ယူဖြည့်တင်းပေးခဲ့သည့် မီးသတ်ယာဉ်အသစ် လေးစီး လွှဲပြောင်းပေးအပ်ပွဲနှင့် စွမ်းရည်သရုပ်ပြသပွဲကို မတ် ၁၂ ရက် နံနက်ပိုင်းက ခရိုင်ပြည်သူ့အားကစားကွင်းအတွင်း၌ ကျင်းပရာ အခမ်းအနားသို့ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်က အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့က ဝယ်ယူဖြည့်တင်းပေးခဲ့သည့် မီးသတ်ယာဉ် အသစ်လေးစီးနှင့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ရာ မကွေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးမျိုးလှိုင်က လက်ခံရယူသည်။ **(အပေါ်ပုံ)**

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက တိုင်းဒေသကြီးမီးသတ်ဦးစီးဌာန သန္နေမီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်အသစ် လေးစီး၏ မီးငြိမ်းသတ်မှု စွမ်းရည်လက်တွေ့ သရုပ်ပြသနေမှုများနှင့် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ယခုဘဏ္ဍာနှစ်တွင် ဝယ်ယူဖြည့်တင်းပေးခဲ့သည့် မီးသတ်ယာဉ် အသစ်လေးစီးနှင့် ဆက်စပ်ပစ္စည်းကိရိယာများ ခင်းကျင်းပြသထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ခေတ်မီမီးငြိမ်းသတ်ရေးနှင့် အဆင့်မြင့်ရှာဖွေကယ်ဆယ်ရေး ပစ္စည်းကိရိယာများအပြင် ယာဉ်၊ စက်ယန္တရားကြီးများကို ကျွမ်းကျင်ပိုင်နိုင်စွာ ကိုင်တွယ်အသုံးပြုနိုင်စေရန် အစဉ်အမြဲလေ့ကျင့်ပြီး စနစ်တကျအသုံးပြုကာ ပြည်သူ့အကျိုးပြုလုပ်ငန်းများအား အလေးထားဆောင်ရွက်ရေး မှာကြားခဲ့သည်။

မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့က မီးလောင်မှုဖြစ်စဉ်များကြောင့် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ ထိခိုက်ပျက်စီးဆုံးရှုံးမှု လျော့နည်းသက်သာစေရန် မီးသတ်ယာဉ်များ ဝယ်ယူဖြည့်တင်းပေးမှုအနေဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ခြောက်စီး၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် ၁၀ စီး၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် ၁၀ စီးနှင့် ယခု ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် လေးစီး၊ စုစုပေါင်း မီးသတ်ယာဉ်အစီး ၃၀ကို ဝယ်ယူဖြည့်တင်း ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ယခုဝယ်ယူပေးခဲ့သော Fire Fighting Vehicle သည် သာမန် မီးလောင်မှုများတွင်သာမက ဆီမီးလောင်မှုများကိုပါ ငြိမ်းသတ်နိုင်သည့် Foam Fire Fighting System များ ပါရှိသော ယာဉ်အမျိုးအစားဖြစ်ကြောင်း၊ ထို့အပြင် Fire Fighting and Rescue Vehicle ယာဉ်သည် မီးငြိမ်းသတ်ရေးသာမက အရေးပေါ် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကိုပါ ဆောင်ရွက်နိုင်သည့် ဘက်စုံသုံးမီးသတ်ယာဉ်အမျိုးအစားဖြစ်ကာ ၎င်းယာဉ်မှာ မော်တော်ယာဉ်မတော်တဆမှု ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ရန် Hydraulic Rescue Tools များ အသင့်ပါရှိပြီးဖြစ်သည့်အတွက် များစွာအထောက်အကူပြုကြောင်း မကွေးတိုင်းဒေသကြီးမီးသတ်ဦးစီးဌာနရုံးမှ သိရသည်။ (၅၀၀)

ဖတ်စရာ၊ မှတ်စရာ

စုံလင်

ယုန်လေး


## အဖေ့ဂုဏ်ရည်ပြ တပေါင်းလ

* ဥတ္တရဖဂ္ဂုနီ နက္ခတ်စန်းရယ်နဲ့
ဂုဏ်ရည်လျှမ်း ကြီးမြတ်အစဉ်။
ဆံကျင်အမည် တာရာစု
လွှမ်းပြုကောင်းကင်။
တစ်ဆယ့်နှစ်လများ နောင်တော်တွင်
အဖဂုဏ်အင် မှန်းရှယ်စူး။
လပြည့်ရက်မယ် အဖေနေ့ရယ်လို့
မည်လေ့ဖော်ကျူး။

* ကြီးမြတ်သည့် အဖေ့ကျေးဇူးကိုပ
မြင်းမိုရ်ဦး နှိုင်းမမီစေ။
သမီး၊ သားကို ကျောမှာပိုး
မြတ်နိုးကြင်ပေ။
မိသားစုရဲ့ ဘဝတွေ
စောင့်ရှောက်နေ အချိန်အခါမလပ်။
ပုခက်မလွှဲတဲ့ အဖေ့လက်ရယ်က
ကမ်းဆက်မပြတ်။

* ကျေးဇူးအထွေထွေ စိတ်ဝယ်မှတ်လို့
ပြန်ပေးဆပ် အဖေ့မေတ္တာ။
တပေါင်းလမယ် လပြည့်နေ့
မှန်းလေ့အစဉ်သာ။
ခြေရာခံလို့ ပူဇော်ကာ
အပြစ်ရှိရာ ကင်းစင်ရေး။
လက်စုံဖြာ ဦးညွှတ်ချပါလို့
တောင်းပန်ကြလေး။ ။

**မင်းမြတ်မိုး(မန်းမြေ)**




## ပဲတီစိမ်းသီးနှံ ၂၆၀၄ ဧက ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်

**ပွင့်ဖြူ မတ် ၁၅**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်တွင် မိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်းသီးနှံ ၂၆၀၄ ဧက ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ၂၀၂၄ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဒေသတွင်း စားနပ်ရိက္ခာဖူလုံပိုလျှံစေရန်နှင့် တောင်သူများ သီးနှံဝင်ငွေ တိုးပွားစေရန်အတွက် ပဲတီစိမ်းသီးနှံ ၂၆၀၄ ဧက စိုက်ပျိုးနိုင်ခဲ့သည်။ အဆိုပါ စိုက်ပျိုးထားသော ပဲတီစိမ်းစိုက်ခင်းများကို ဒေသခံတောင်သူများက ၂၀၂၄ ခုနှစ် ဇူလိုင်လမှစတင်၍ စနစ်တကျရိတ်သိမ်းဆောင်ရွက်ခဲ့ရာ ဩဂုတ်လကုန်တွင် ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးခဲ့သည်။

"မိုးသီးနှံစိုက်ပျိုး ရာသီက ပွင့်ဖြူမြို့နယ်အတွင်း ပဲတီစိမ်းသီးနှံ ၂၆၀၄ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီ ပဲတီစိမ်းစိုက်ခင်းတွေကို တောင်သူတွေ က ၂၀၂၄ ခုနှစ် ဇူလိုင်လကစပြီး ရိတ်သိမ်းခြေလှေ့ခဲ့ကြရာ ဩဂုတ်လကုန်မှာ ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးခဲ့ပါတယ်။ သီးနှံအထွက်နှုန်း အနေနဲ့က တစ်ဧကကို ၁၉ ဒသမ ၃၀ တင်း ထွက်ရှိတယ်။ ပဲတီစိမ်းသီးနှံ ရိတ်သိမ်းခြင်းနဲ့ ပတ်သက်ပြီး အထွက်နှုန်းများ လျော့နည်းမှုမဖြစ်အောင် အချိန်မီ စနစ်တကျ ရိတ်သိမ်းနိုင်အောင် တောင်သူတွေကို သီးနှံရိတ်သိမ်းနည်းအဆင့်ဆင့်ကို အသိပညာပေးတာတွေ ဆောင်ရွက်ပေးခဲ့ပါတယ်" ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။



ပွင့်ဖြူမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက ဒေသတွင်းရှိ ပဲတီစိမ်းစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သီးနှံအထွက်နှုန်း ကောင်းမွန်စေရန်နှင့် တိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ စိုက်နည်းစနစ်များ မှန်ကန်ရေး၊ မြေဩဇာနှင့် စိုက်ပျိုးရေးသွင်းအားစုများ မှန်ကန်စွာ သုံးစွဲတတ်စေရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေးနှင့် အချိန်မီ သီးနှံရိတ်သိမ်းနည်းပညာများ စသည့် အသိပညာပေးလုပ်ငန်းများကို သက်ဆိုင်ရာ စပ်ဆက်ဌာနများနှင့်ပူးပေါင်းပြီး ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ပဲတီစိမ်းသီးနှံသည် ဈေးကွက်ဝင်သီးနှံဖြစ်၍ အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးထုတ်လုပ်နိုင်မည်ဆိုပါက ပြည်တွင်းစားနပ်ရိက္ခာ ဖူလုံစေရုံသာမက ပိုလျှံမှုကို ပြည်ပသို့ တင်ပို့ရောင်းချနိုင်၍ သီးနှံဝင်ငွေ တိုးပွားကာ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်သောကြောင့် ပဲတီစိမ်းသီးနှံကို နှစ်စဉ် တိုးချဲ့စိုက်ပျိုးနိုင်အောင် ဒေသမရွေးကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။ (ဝဲပုံ) (၄၄၅)

သတင်းပဒေသာ

## မီးဘေးအန္တရာယ်ကင်းရှင်းရေး ကွင်းဆင်းစစ်ဆေး

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းပျဉ်းမြို့ တက္ကသိုလ်ဝင်စာမေးပွဲစာစစ်ဌာနဖြစ်သော အခြေခံပညာအထက်တန်းကျောင်းသို့ မီးသတ်ဦးစီးဌာနမှ မီးဘေးအန္တရာယ် ကင်းရှင်းရေး ကွင်းဆင်းစစ်ဆေးခြင်းကို ယမန်နေ့ မွန်းလွဲပိုင်းက အဆိုပါကျောင်းတွင် ဆောင်ရွက်ခဲ့သည်။ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာပျော်ရွှင်စွာဖြင့် စာမေးပွဲဖြေဆိုနိုင်စေရန်နှင့် မီးဘေးအန္တရာယ်ဖြစ်ပေါ်မှုမရှိစေရေးတို့အတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဝင်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသူရမောင်နှင့်မီးသတ်တပ်ဖွဲ့များက တက္ကသိုလ်ဝင်စာမေးပွဲစာစစ်ဌာနဖြစ်သော အခြေခံပညာအထက်တန်းကျောင်းရှိ စာဖြေခန်းများအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

---

## ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင် စားသုံးသူရေးရာဦးစီးဌာနခရိုင်ဦးစီးမှူးရုံးမှ စားသုံးသူများ၏ အကျိုးစီးပွားကို ပိုမိုအာရုံစိုက်မိလာစေရန်နှင့် စားသုံးသူများ၏ အခွင့်အရေးများကို အလေးထားလိုက်နာအကောင်အထည်ဖော်နိုင်စေရန်အတွက် ရည်ရွယ်ပြီး ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အထိမ်းအမှတ်အခမ်းအနားကို ယမန်နေ့နံနက် (၉) နာရီက ရွှေဘိုသူနာပြုသင်တန်းကျောင်းသပြေညိုခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသောင်းတင်ထွေးက အမှာစကားပြောကြားသည်။ စားသုံးသူရေးရာဦးစီးဌာန၊ ခရိုင်ဦးစီးမှူးဦးဇော်မင်သိန်းက စားသုံးသူကာကွယ်ရေးဥပဒေများကို ရှင်းလင်းဆွေးနွေးပြီး၊ အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

---

## လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် ဆောင်ရွက်

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်ခရိုင်၊ ပင်လုံမြို့တွင် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် ဆောင်ရွက်လျက်ရှိရာ ယမန်နေ့ နံနက်ပိုင်းတွင် တာဝန်ရှိသူများ လိုက်လံစစ်ဆေးခဲ့သည်။

ထိုသို့ စစ်ဆေးရာတွင် မြို့ပေါ်ရပ်ကွက်များရှိ ပုဂ္ဂလိကဆေးရုံများ၊ ဟိုတယ်များ၊ ဈေးဆိုင်ခန်းများသို့ မီတာသုံးစွဲနေမှုများ ကွင်းဆင်းစစ်ဆေးခြင်း၊ဓာတ်အားလိုင်းနှင့် ထရန်စဖော်မာများ စစ်ဆေးခြင်း ဓာတ်အားလိုင်းနှင့်နီးကပ်သော သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေပူ၊ ရေအေးတပ်ဆင်ထားမှုများကို စစ်ဆေးပြီး လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

---

## နွေရာသီအခြေခံအားကစားသင်တန်းဖွင့်ပွဲ ကျင်းပ

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ တန့်ယန်းခရိုင်၊ တန့်ယန်းမြို့နယ်တွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ဦးဆောင်မှုဖြင့် မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနမှ ဖွင့်လှစ်သော နွေရာသီအခြေခံအားကစားသင်တန်းဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲပိုင်းက မြို့နယ်ပြည်သူ့အားကစားကွင်း မိုးလုံလေလုံအားကစားရုံ၌ ကျင်းပရာ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဦးစီးအရာရှိ ဦးလှမျိုးမြင့်က သင်တန်းဖွင့်လှစ်ရခြင်း အကြောင်းရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက အားကစားအထောက်အကူပြုပစ္စည်းများကို အားကစားအဖွဲ့အလိုက်ပေးအပ်ကာ အားကစားသမားများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်အားပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## (၂၄)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲအခမ်းအနားနှင့် ဆွမ်းတော်ကြီးလောင်းလှူပွဲ ကျင်းပ

**ပြင်ဦးလွင် မတ် ၁၅**

တပေါင်းလပြည့်နေ့သည် ဘုရားရှင်ပြည်တော်ဝင်ရန် စတင်ကြွလှမ်းသောနေ့ဖြစ်ပြီး ဘုရားရှင် ကပိလဝတ်နေပြည်တော်သို့ ကြွတော်မူခြင်းကို အကြောင်းပြု၍ သာသနာတော်၌ ထူးခြားသောဖြစ်ရပ်ကြီးများပေါ်ထွန်းခဲ့ရာ တပေါင်းလပြည့်နေ့တွင် ပြင်ဦးလွင်မြို့ မဟာအံ့ထူးကံ့သာဆုတောင်းပြည့်ဘုရားကြီး ဗုဒ္ဓပူဇနိယပွဲတော် (၂၄)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲအောင်ပွဲ အခမ်းအနားနှင့် (၂၂) ကြိမ်မြောက် သံဃာ့ဒါနဆွမ်းတော်ကြီးလောင်းလှူပွဲကို မတ် ၁၃ ရက် နံနက် ၇ နာရီက ဘုရားကြီး၏ ရင်ပြင်တော်၌ ကျင်းပသည်။

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ စတင်ဖွင့်လှစ်ခဲ့ပြီး မြို့လယ်ရွှေစည်းခုံကျောင်းတိုက် ဆရာတော်အဂ္ဂမဟာမဏ္ဍိတဘဒ္ဒန္တ အာစိဏ္ဏထံမှ ကိုးပါးသီလခံယူစောင့်တည်ကြပြီး သံဃာတော်များထံမှ မေတ္တာသုတ်အစရှိသော ပရိတ်တရားတော် များနာယူကြည်ညိုကြသည်။ ဆက်လက်၍ ရတနာမာန်အောင်ကျောင်းတိုက်ဆရာတော်ထံမှ ရေစက်ချအနုမောဒနာတရား နာယူကြည်ညိုကြပြီး ဗုဒ္ဓပူဇနိယပွဲတော် (၂၄) ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲအောင်ပွဲအခမ်းအနားကို ဗုဒ္ဓသာသနံစိရံ တိဋ္ဌတုသုံးကြိမ်ရွတ်ဆို၍ ရုပ်သိမ်းခဲ့သည်။

ထို့နောက် အခမ်းအနား ဒုတိယပိုင်းအနေဖြင့် (၂၂)ကြိမ်မြောက် သံဃာ့ဒါနဆွမ်းတော်ကြီးလောင်းလှူပွဲကျင်းပရာ ပင့်ဖိတ်ထားသော သံဃာတော် ၁၀၈ ပါးအား ပြင်ဦးလွင်တပ်နယ်မှ တပ်ရင်းတပ်ဖွဲ့အသီးသီးမှ တာဝန်ရှိသူများ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ ၊ အသင်းအဖွဲ့အသီးသီးမှ တာဝန်ရှိသူများနှင့် စေတနာရှင်အလှူရှင်များက ဆွမ်းသပိတ်၊ ဆွမ်းဆန်စိမ်းများနှင့် လှူဖွယ်ပစ္စည်းများအား အသီးသီးဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

(အပေါ်ဓါတ်ပုံ)

(ခရိုင်ပြန်/ဆက်)

---

## (၁၈၃) ကြိမ်မြောက် ဗုဒ္ဓမြတ်စွယ်တော်တိုက်ဖွင့်လှစ်ပွဲနှင့် အနေကဇာတင်အခမ်းအနား ကျင်းပ

**အောင်လံ မတ် ၁၅**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့၌ (၁၈၃)ကြိမ်မြောက် (သမိုင်းဝင်) ကုသိနာရုံတောင်တော်ဘုရားကြီး ဗုဒ္ဓမြတ်စွယ်တော်တိုက် ဖွင့်လှစ်ပူဇော်ခံခြင်းကို အောင်လံမြို့၊ ကုသိနာရုံတောင်တော်မြတ်စွယ်တော်တိုက်အတွင်း၌ တပေါင်းလပြည့်နေ့(မြတ်ဗုဒ္ဓအခါတော်နေ့) နံနက် ၈ နာရီက ကျင်းပသည်။



ရှေးဦးစွာ ကြွရောက်တော်မူလာကြသော မြို့နယ်သံဃနာယကဥက္ကဋ္ဌဆရာတော်ဩဝါဒစရိယဆရာတော်ကြီးများ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဗုဒ္ဓမြတ်စွယ်တော်တိုက်အား ဖွင့်လှစ်ပေးခဲ့ပြီး ဆရာတော်များက ဗုဒ္ဓမြတ်စွယ်တော်အား အနေကဇာတင်ခြင်း မင်္ဂလာဆောင်ရွက်ကြသည်။

ထို့နောက် အခမ်းအနားကို နမောတဿသုံးကြိမ် ရွတ်ဆို၍ ဖွင့်လှစ်ခဲ့ပြီး၊ မြို့နယ်သံဃနာယကဥက္ကဋ္ဌဆရာတော်က တက်ရောက်လာသည့်ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများနှင့် ဧည့်ပရိတ်သတ်များကို သီလချီးမြှင့်ပေးခဲ့ပြီး၊ အောင်လံမြို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌက သာသနာရေးဆိုင်ရာကိစ္စများ တင်ပြလျှောက်ထားခဲ့သည်။

ဆက်လက်၍ ဩဝါဒါစရိယဆရာတော်ကြီးတစ်ပါးမှ ဩဝါဒကထာချီးမြှင့်ခဲ့ပြီး သမိုင်းဝင်ကုသိနာရုံတောင်တော်ဘုရားကြီးဂေါပကအဖွဲ့ ဥက္ကဋ္ဌဦးအောင်ဝင်းက ရှေ့လုပ်ငန်းများ တင်ပြလျှောက်ထားပြီး အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတုသုံးကြိမ် ရွတ်ဆို၍ ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

(ဓါတ်ပုံ)

အာကာ(ပြန်/ဆက်)

---

## ဆေးပဒေသာပင် အလှူငွေလှူဒါန်း

**မန္တလေး မတ်၁၅**

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ၆၂လမ်း၊ ဒေါနဘွားရပ်ကွက်ရှိ မင်းကွန်းတိပိဋကဓရဆရာတော်ကြီး တည်ထောင်ဖွင့်လှစ်တော်မူခဲ့သည့် ဇီဝိတဒါနသာသနာ့အထူးကုဆေးရုံကြီးသို့ အလှူရှင်မန္တလေးမြို့ ၃၇(A) လမ်း၊ ၆၄လမ်းနှင့်၆၅လမ်းကြားနေ ဒေါ်ညွန့်ညွန့်စိန်(၉၃)နှစ် မိသားစုက သံဃာတော်အရှင်မြတ်များအား ရည်မှန်း၍ ဆေးပဒေသာပင် အလှူငွေကျပ် သုံးသိန်းကို ယမန်နေ့က ၆၂လမ်းနှင့်၁၅လမ်းထိပ်ရှိ ဆေးရုံအလှူခံဌာနတွင် လာရောက်လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးရုံး၊ ရုံးအုပ်ကြီးဦးစိုးမြင့်ကလက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်သည်။ **(ယာပုံ)**

ဇီဝိတဒါနသာသနာ့အထူးကုဆေးရုံကြီးသို့ ဆေးပဒေသာပင်၊ ဆွမ်းပဒေသာပင်နှင့် အခြားဘက်စုံအလှူငွေများ လှူဒါန်းလိုပါက ဆေးရုံအလှူခံဌာနဖုန်း၀၉-၈၉၂၉၅၃၀၈၂သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၁)



*-*-*-*-*

# မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ နဂါးကိုးကောင်ဆရာတော်

**(၁၅-၃-၂၀၂၅)ရက် စာမျက်နှာ (၁၇)မှအဆက်**

စောမွန်လှပေါ်တော်မူဘုန်းတော်ကြီးသင်ပညာရေးကျောင်းကို နဂါးကိုးကောင်ဆရာတော်က ခရစ်သက္ကရာဇ်(၂၀၀၀)ပြည့်နှစ်တွင် စတင်အုတ်မြစ်ချတည်ထောင်ခဲ့သည်ဖြစ်ရာ ယခုအခါ လာမည့် (၂၀၂၅) စာသင်နှစ်တွင် (၂၅)နှစ်ပြည့် ငွေရတုသဘင်ကို ဆင်နွှဲနိုင်တော့မည်ဖြစ်သည်။ စောမွန်လှပေါ်တော်မူ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၏ (၂၅)နှစ်တာငွေရတုခရီးကို ပြန်ပြောင်းလှည့်ကြည့်သည်ရှိသော် အံ့မခန်းပြောင်းလဲတိုးတက်လာသည်ကို မျက်ဝါးထင်ထင် တွေ့ရှိရသည်။

ကျောင်းသား၊ ကျောင်းသူများ၏ ဘဝရပ်တည်ရေးကို ရှေးရှု၍ အသက်မွေးဝမ်းကျောင်းပညာရပ်များ၊ ကွန်ပျူတာပညာရပ်များ၊ သင်ကြားပေးခဲ့သည်။ FITC ကွန်ဖျူးရှပ်တရုတ်ဘာသာပညာရေးကျောင်း၏ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ၊ ဆရာမများ၏ ကူညီပံ့ပိုးမှုဖြင့် တရုတ်ဘာသာ၊ တရုတ်စကားတို့ကို သင်ကြားပေးခြင်း၊ တရုတ်နိုင်ငံသို့ လေ့လာရေးခရီးစေလွှတ်ခြင်းများလည်း ပြုလုပ်ခဲ့သည်။

မိမိကျောင်းဖွံ့ဖြိုးတိုးတက်သကဲ့သို့ မဖွံ့ဖြိုးသေးသောဒေသမှ ဘုန်းကြီးကျောင်းများကိုလည်း အထောက်အပံ့ဖြစ်စေရန်အတွက် နှစ်စဉ်စောမွန်လှ ဆွေတော်၊ မျိုးတော်များ စုပေါင်းဘုံကထိန်တော်ကြီးကိုလည်း နှစ်တိုင်းပြုလုပ်လျက် စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်ရှိ တောင်ပုံကျောင်း၊ ခင်မွန်ကျောင်း၊ မင်းကွန်းချောင်းမကြီးကျောင်း အစရှိသောကျောင်းများသို့ နှစ်စဉ် ပေးပို့လှူဒါန်းခဲ့သည်။

ဆရာတော်သည် ဘာသာသာသနာနှင့်ကျောင်းသားလူငယ်များ၏ ပညာရေးအတွက် လစဉ်ပညာရည်စစ်ဆေးခြင်း၊ ပရိတ်တရားတော်များ သင်ကြားမှု အရည်အချင်းစစ်ဆေးခြင်းနှင့်ထိုက်တန်သောဆုများ ချီးမြှင့်ခြင်းကို မပျက်မကွက်ပြုလုပ်ကာ လမ်းညွှန်ခြင်း၊ ဩဝါဒပေးခြင်းများလည်း ပြုလုပ်ခဲ့သည်။

ဆရာတော်သည် နံနက် ၄နာရီတွင် အိပ်ရာမှထကာ ကျောင်းပရိဝုဏ်ကို လှည့်ပတ်ကြည့်ရှု၍ ရဟန်းသံဃာများနှင့် ရှင်သာမဏေများ ဝေယျာဝစ္စအကျိုးဆောင်များကို အလုပ်လုပ်ရန်၊ ဆွမ်းခံထွက်ရန်၊ လုံ့လဝီရိယရှိစေရန် နှိုးဆော်ခဲ့သည်။ နံနက် ၁၁ နာရီဆွမ်းစားပြီးချိန် နာရီဝက်တစ်နာရီခန့် မေးစက်သည်မှလွဲ၍ မွန်းလွဲ ၁ နာရီတွင် တစ်ကျောင်းလုံးရှိ ဆရာတော်၊ သံဃာတော်များ၊ ရှင်သာမဏေ၊ သီလရှင်များပါမကျန် ၁နာရီမှာ တရားထိုင်ရပြန်သည်။ ညအိပ်ရာဝင်ချိန်ကျိန်းစက်ချိန်ထိ ကျောင်းတိုက်အတွင်း လှည့်ပတ်ကြည့်ရှုကာ ကျောင်းပရိဝုဏ်သန့်ရှင်းရေး၊ ရေ၊ မီးပြည့်စုံရေးတို့အတွက် မေးမြန်းခြင်း၊ လှူဆော်ခြင်းများ၊ လိုအပ်သည်တို့ကို ညွှန်ကြားခြင်းများ မပြတ်တမ်းပြုခဲ့သည်။ ယခုအခါ ပေ ၁၀၀၀၊ ပေ ၈၀၀ခန့် ကျယ်ဝန်းသော ကျောင်းပရိဝုဏ်တစ်ခုလုံး အမှိုက်တစ်စမျှမရှိဘဲ ကျောင်းကန်ဘုရားများမှာလည်း ရွှေရောင်တောက်ပကာ ကြည်ညိုဖွယ်မဆုံး ဖြစ်စေခဲ့သည်။

တောင်တန်းနှင့်တိုင်းရင်းသားဒေသအသီးသီးမှ ရှမ်း၊ ပအိုဝ်း၊ ပလောင် အစရှိသော တိုင်းရင်းသားများ အပါအဝင် ဆင်းရဲနွမ်းပါးသော မိဘတို့၏ သားသမီးများအတွက်လည်း သာသနာ့အမွေခံယူနိုင်ရန် စောမွန်လှ ဆွေတော်မျိုးတော်များ ရှင်အပါး ၃၀၀ စုပေါင်းရှင်ပြုပွဲကြီးကိုလည်း နှစ်စဉ်မပျက်စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် ကြိုးပမ်းလာခဲ့သည်မှာ ယခုနှစ်တွင် (၁၉)ကြိမ်တိုင်ခဲ့ပြီဖြစ်သည်။ ယခုအခါ စောမွန်လှမြတာဘက် နဂါးကိုးကောင်ဘုရား ပရိဝုဏ်တစ်ခုလုံးတွင် သစ်ပင်ပန်းပင်များ စိုက်ပျိုးလျက် ဥယျာဉ်သဖွယ်ရှိနေပြီး ဘုရားစေတီပုထိုးများ ကျောင်းကန်များ အဆောက်အအုံများအားလုံး လျှပ်စစ်မီးရောင် တထိန်ထိန်ဖြင့် ဘုရားဖူးများလည်း မပြတ်တမ်းလာရောက်ဖူးမြော်လျက်ရှိသည်။

ဤသို့ဖြင့် ဆရာတော်၏ ဇွဲ၊ လုံ့လ၊ ဝီရိယ စိတ်အားထက်သန်စွာ ဘာသာအကျိုး၊ သာသနာအကျိုး၊ ပရဟိတအကျိုးဆောင်ရွက်မှုတို့ကြောင့် နဂါးကိုးကောင်ဆရာတော်အား သက်ဆိုင်ရာ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ ၂၀၂၁ ခုနှစ်တွင် 'သဒ္ဓမ္မ ဇောတိကဓဇ' ဘွဲ့တံဆိပ်တော်ကိုထိုက်တန်စွာ ဆက်ကပ်လှူဒါန်းခဲ့ပြီး ၂၀၂၅ ခုနှစ်တွင်လည်း 'မဟာသဒ္ဓမ္မဇောတိကဓဇ' ဘွဲ့တံဆိပ်တော်ကိုလည်း ထပ်မံ၍ ဆက်ကပ်လှူဒါန်းခဲ့သည်။ နဂါးကိုးကောင်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တရာဇိန္ဒသည် မိမိမွေးရပ်မြေသာမကဘဲ 'ပရိရူပဒေသဝါသောစ ပုဗ္ဗေစကတပုညတာ' ဆိုသည့် မင်္ဂလာတရားနှင့်အညီ မိမိနိုင်ရာ တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်၍ လောကအကျိုးကို သယ်ပိုးခဲ့သည်ဖြစ်ရာ ဆရာတော်ဂျီ၏ကဗျာဖြင့် ပူဇော်လိုက်ရပေတော့သည်

**'သင်သေသွားသော်'**

**သင်သေသွားသော်**
**သင်ဖွားသောမြေ**
**သင်တို့မြေသည်**
**အခြေတိုးမြှင့်**
**ကျန်ကောင်းသင့်၏။**
**သင်၏မျိုးသား**
**စာစကားလည်း**
**ကြီးပွားထက်မြင့်**
**ကျန်ကောင်းသင့်၏**
**သင်ဦးချ၍**
**အမျှဝေရာ**
**စေတီသာနှင့်**
**သစ္စာအရောင်**
**ဉာဏ်တန်ဆောင်လည်း**
**ပြောင်လျက်ဝင်းလျက်**
**ကျန်စေသတည်း ။ ။**

**ဖိုးစွံ(အောင်ပင်လယ်)**

---

# ပုလဲရတု မုဒိတာ

**စောနန်းမြေအောင်**

**(၁၁-၃-၂၀၂၅)ရက် စာမျက်နှာ(၁၇)မှ အဆက်**

မတင်တင်အေးလေးသည် ရိုးသားဖြူစင်သည့်သူတော်ကောင်းမိသားစုဖြစ်သည့် မကွေးတိုင်းတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့နယ်၊ ကျောချောင်အုပ်စု၊ ကြက်ရိုးရွာ ဦးဘထွေး+ဒေါ်လှရှိန်တို့မှ မွေးဖွားသည့် မတင်တင်အေးနှင့်မောင်ဖြစ်သူ မောင်တင်မြင့်တို့ ချမ်းသာစွာ ချက်မြှုပ်ခဲ့ကြတဲ့ ဒေသလေးဖြစ်ပါသည်။ ထူးခြားသည်ကမိခင်ဖြစ်သူသည် လူဝတ်ကြောင်ဖြင့်မနေလို သီလရှင်ဝတ်ချင်သည့် ချင်ခြင်းသည် တပ်ခဲ့သော်လည်း အိမ်ထောင်ကျခဲ့ပြီးရင်သွေးနှစ်ဦးရရှိသည်အထိ မိသားစုနှင့်အတူ ဥယျာဉ်ခြံစိုက်၊ တောင်သူ ဘဝနှင့်ပျော်မွေ့နေခဲ့သည်။ မိသားစုဘဝနှင့်နေရသော်လည်း ဒေါ်လှရှိန်မှာ သီလရှင်ဝတ်ချင်သည့်စိတ်ကား တားမရချေ။

မျိုးစေ့မှန်လျှင် အပင်သန်သည်ဆိုသည့်အတိုင်း မတင်တင်အေး ၁၃နှစ်သမီးအရွယ် ရေးတတ်၊ ဖတ်တတ် စာဆိုလျှင် ဘယ်စာမျိုးမဆို ဖတ်သည်၊ မှတ်သည်၊ မေးမြန်းသည်။ စူးစမ်းသည်။ လေ့လာသည့် စာပေဝါသနာအိုးလေးမို့ တစ်နေ့ ဖခင်ဖြစ်သူဖတ်ရအောင် ဓမ္မဗဟုသုတရရှိအောင် စီးပွားရေးတွေလုံးပန်းနေရသဖြင့် ဘာသာရေးအသိအမြင်တိုးစေရန် ဦးလေးဖြစ်သူ ဦးကျားကြီးက သူ့ညီလေးအတွက် ဗုဒ္ဓဝင်စာအုပ်ယူလာပေးရာ တစ်ဖက်က တောင်သူလုပ်ငန်းက မအားလပ်သဖြင့် 'အေး အားတော့ဖတ်ရတာပေါ့' လို့ပြောပြီး ဘုရားစင်မှာတင်ထားလိုက်တာကို မတင်တင်အေးက တွေ့သွားတော့ ဘာရမလဲ စာကြမ်းပိုးအတွက် အကွက်ဝင်သွားတာပေါ့။ ဖတ်ပြီ နားမလည်တာတော့ရှိသည်။ သို့သော်လည်း ကြိုးစားဖတ်သည်၊ မှတ်သည်။ ဗုဒ္ဓမြတ်စွာ ပါရမီခန်း၊ ဖွားတော်မူခန်း၊ ဘုရားဖြစ်ခန်း၊ ပရိနိဗ္ဗာန်စံခန်း၊ အို စုံလို့စုံလို့။ ပရိနိဗ္ဗာန်စံခန်းကျတော့ လွမ်းသလိုလို ဆွေးသလိုလိုရင်မှာတော့ခံစားရသား၊ ဘုရားမိန့်ကြားတဲ့ အပ္ပမာဒစကားဟာလည်း ရင်ထဲကမထွက်၊ ပိုထူးတာက မိန်းမသားဘဝ မိထွေးတော်ဂေါတမီ မင်းသမီးငါးရာနှင့်(ဘိက္ခုနီ) ရဟန်းမဝတ်တဲ့ အခန်းကစိတ်အဝင်စားဆုံးပဲ။ နှစ်ကြိမ်သုံးကြိမ်မက အကြိမ်ကြိမ် ဖတ်တယ်မှတ်တယ်။ ဖတ်တိုင်းလည်း မျက်ရည်လည်ရွဲ ဒီဘိက္ခုနီမလိုဖြစ်ရရင်ကောင်းမှာပဲလို့ ဖြစ်ချင်လွန်းသည့် ပါရမီအနုသယဓာတ်ခံက စတင်တော့တာပဲဟု ဆိုရပေမည်။

ထိုအချိန်မှစတင်၍ မိခင်၏အနုသယဓာတ်သည် သမီးဖြစ်သူကို ကူးစက်ကာ သီလရှင်ဝတ်ချင်သည့်ဆန္ဒကား တားမရချေ။ မန္တလေးမြို့၊ မစိုးရိမ်ကျောင်းတိုက်က ဆရာတော်များ မကြာခဏ ရွာကိုရောက်တော့ သီလရှင်ဝတ်ဖို့ အကြိမ်ကြိမ် ပူဆာကြိုးစားခဲ့သော်လည်း မအောင်မြင်။ ရှိစေတော့ တစ်နေ့တော့ ဖြစ်ရမည်ပေါ့ဟု ကြွေးကြော်ရင်း ဦးလေးဦးကျားကြီးက ဖခင်ဖြစ်သူနှင့် တိုင်ပင်ပြီး တူမဖြစ်သူ သီလရှင်ဖြစ်ချင်သည့်ဆန္ဒကို ဖြည့်ဆည်းရန်အတွက် ရွာက ဆရာတော်နှင့်တိုင်ပင်ကြည့်ရာ ဆရာတော်က သီလရှင်ဝတ်ချင်လျှင် တစ်လဥပုသ်စောင့်ရမည်ဟုမိန့်ရာ -

'သီလရှင်ဝတ်ရရင်ပြီးရော ဥပုသ်စောင့်ပါ့မယ်' ဟု ကတိပေးပြီး သူငယ်ချင်းလေးဦး ကျောင်းမှာ ဝေယျာဝစ္စ ကုသိုလ်ယူရင်း ဥပုသ်စောင့်ကြပါသည်။ စဉ်းစားမိတာက ရွာကို သီလရှင်ဆိုလို့ တစ်ပါးမှမရောက်၊ သီလရှင်မမြင်ဖူးပါဘဲလျက် သီလရှင်ဝတ်ချင်နေတဲ့ ဒီကလေးမတွေကို တကယ်စိတ်ပါ၊ မပါ စမ်းသပ်တဲ့သဘောမျိုးနဲ့ ဆရာတော် ဥပုသ်တစ်လစောင့်ခိုင်းပုံရသည်။ ဖြစ်ပုံကတကယ်သီလရှင်ဝတ်တော့မယ်ဆိုတော့ အဖေ့အစ်ကိုဦးကြီး ဦးလွန်းက 'သမီး သီလရှင်ဝတ်ရင် ဓားနှင့်ခုတ်သတ်မယ်' ဟု ဓားကြိမ်းကြိမ်းခဲ့သေးသည်။ ဥပုသ် (၇)ရက်လောက်ရတော့ မတင်တင်အေးက တောင်းဆိုသည်။ 'တစ်လမစောင့်ဘူး၊ သီလရှင်ဝတ်တော့မယ်' လျှောက်ထားရာ စိတ်ဓာတ်ပြင်းထန်နေသည်ကို ရိပ်စားမိသည့် ဆရာတော်ကြီး ဘဒ္ဒန္တပညိန္ဒက သက်တူရွယ်တူ မတင်တင်အေးနှင့် မကြည်ဝင်းတို့ကိုသာ သီလရှင်ဝတ်ခွင့်ပြုခဲ့ပြီး မတင်တင်အေးက သီလရှင်ဘွဲ့က ခေမာစာရီ၊ မကြည်ဝင်းက ဉာဏစာရီဆိုပြီး ၁၃၃၆ ခု၊ ကဆုန်လပြည့်ကျော် ၆ရက်၊ အသက် (၁၃)နှစ်အရွယ် ကြက်ရိုးရွာ၊ သာသနဝေပုလ္လကျောင်း ဘဒ္ဒန္တပညိန္ဒကို ဥပဇ္ဈာယ်ပြုပြီး သီလရှင်မမြင်ဖူးကြသူနှစ်ဦး သီလရှင်ဘဝရောက်ပါတော့သည်။ သီလရှင်ဆိုတာ မြင်ဖူးကြတဲ့သူတွေပြောစကားအရ ဝတ်စုံက ပန်းရောင်ဝတ်ရသည်။ အင်္ကျီကို ဝတ်ရသည်။ သမဝါယမက ထုတ်ပေးတဲ့ ပန်းရောင်ပိတ်စတွေနဲ့ အဆင်ပြေသလို ချုပ်ဝတ်ရသည်။ သီလရှင်ဝတ်စုံနှင့် မုံရွာမြို့ စမ်းမြရောင်ခြည်စာသင်တိုက်မှာ ပရိယတ္တိစာပေများကို သင်ကြားခဲ့ရာမှ စစ်ကိုင်းတောင်၊ ရန်ကုန် စသည့်မြို့ကြီးများသို့ ပညာတော်သင်ကြား တရားဓမ္မများ ပြည့်ဝလာသည့် သီလ၊ သမာဓိ၊ ပညာအားဖြင့် ဖြတ်သန်းလာခဲ့ရသော ဆရာလေး ခေမာစာရီသည် ရန်ကင်းတောင်ခြေတောင်ဘက်တွင် ချမ်းမြရံသီစာသင်တိုက်ကြီး၏ပဓာနဆရာလေးဖြစ်လာပြီး မိထွေးတော်ဂေါတမီထက် သီလရှင်ဆရာလေးက ဆယ်စုနှစ်များစွာတွင် ထောင်ဂဏန်းမက များပြားလာသည့် တပည့်သာဝကအလှူရှင်များနှင့် ငယ်၊ လတ်၊ ကြီး၊ ဓမ္မာစရိယ၊ သဒ္ဓမ္မအကျော်၊ ပထမကျော်၊ အဂ္ဂမဟာအကျော်များ ပေါ်ထွက်သည်အထိ ပရိယတ္တိတာဝန်ကို ကျေပွန်စွာ သာသနာပြုလျက်ရှိနေရာ ၁၃၈၆ခု၊ မေလတွင် ကျင်းပသည့်ဂုဏ်ပြုပွဲတွင် 'အဂ္ဂမဟာအကျော်ရရှိခဲ့သည့် ဆရာလေးများတွင် ဒီဆရာလေးသာလျှင် သာသနာတော်အတွက် အားအထားရဆုံး၊ အတော်ဆုံး တပည့်များပေါ်ပေါက်လာအောင် အကြိုးစားဆုံးဖြစ်သည့် ရာချီတဲ့ ဆရာလေးများရဲ့ လူမှုရေး၊ ကျန်းမာရေး၊ ပရိယတ်၊ ပဋိပတ်များပါတွဲပြီး ဆောင်ရွက်နိုင်နေတာ ဂုဏ်ယူမိကြောင်း' သီတဂူကြယ်တစ်ပွင့်ဆရာတော်က ရေစက်ချတရားနှင့်အတူ မိန့်ကြားခဲ့သည်ကို များစွာကြည်ညိုပါသည်။

ဆရာလေးခေမာစာရီသည် ခမည်းတော် ဦးအဂ္ဂဝံသ၊ မယ်တော်ဒေါ်ယုစာရီ၊ မောင်တော်အရှင်ဆေကိဿရနှင့် ဗုဒ္ဓမြတ်စွာသာသနာကို ကြည်ညိုကြသည့် အလှူရှင်မိသားစုဝင်များနှင့် ဆရာ၊ ဒကာလက်တွဲညီစွာ သာသနာတော်မြတ်ကြီးကို သဒ္ဓါ၊ မေတ္တာ၊ စေတနာများဖြင့် မိဘကျေးဇူးဆပ်၊ သာသနာကျေးဇူးကို ကျေပွန်ရင်း ရတုများရုံသည့် ရတုရုံသီဖြစ်ပါစေ ….. ဖြစ်ပါစေကြောင်း သဒ္ဓါလောင်းလျက် ….. ။

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## Ju Ji Hoon နှင့် Song Ji Hyo တို့ Princess Hours နှင့် အတိတ်ဇာတ်လမ်းရှိခဲ့



တစ်ချိန်က ပရိသတ်ကြား လူကြိုက်များခဲ့သည့် Princess Hours ရွှေမင်းသားလေးရဲ့ ချစ်ပုံပြင်ဇာတ်ကားမှ မင်းသား ဂျူရဂျီဟွန်းနှင့် ဒုတိယမင်းသမီး Running Man အဖွဲ့ဝင် ဆောင်ဂျီဟိုတို့ ဇာတ်ကားရိုက်ကူးရင်း အတိတ်ဇာတ်လမ်းရှိခဲ့ကြကြောင်း ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

၂၀၀၆ခုနှစ်တွင် Princess Hours နှင့် ကျော်ကြားခဲ့ပြီး ၂၀၂၅ခုနှစ်တွင် The Trauma Code: Heroes on Callနှင့် ပရိသတ်အချစ်ကို ထပ်မံသိမ်းပိုက်ခဲ့သည့် ဂျူဂျီဟွန်းသည် Running Man အဖွဲ့ဝင် ဆောင်ဂျီဟို၏ တစ်ချိန်ကချစ်သူဖြစ်ခဲ့သည်။

အနုပညာနယ်ပယ်တွင် ကိုယ်စီလျှောက်လှမ်းနေကြပြီး အောင်မြင်မှုများ ပိုင်ဆိုင်ထားကြသော အနုပညာရှင်နှစ်ဦး၏ အတိတ်ဇာတ်လမ်းကို ပရိသတ် စိတ်ဝင်စားနေကြသည်။ (SKY)



## သရက်သီးစားလျှင် နှလုံးကျန်းမာရေးအတွက် အကျိုးထူးနိုင်

သရက်သီးစားသုံးမှုကြောင့် နှလုံးနှင့် ဇီဝဖြစ်စဉ်ဆိုင်ရာ ကျန်းမာ ရေးအတွက် အရေးပါသော အကျိုးကျေးဇူးများရှိနိုင်ကြောင်း အမေရိကန်သုတေသီများ လေ့လာတွေ့ရှိခဲ့သည်ဟု မကြာသေးမီကထုတ်ဝေသော အာဟာရဂျာနယ်တွင် ဖော်ပြသည်။

အထူးသဖြင့် နာတာရှည် အသေးစားရောင်ရမ်းမှုရှိသော အဝလွန်နှင့် ကိုယ်အလေးချိန်များသူများ တစ်နေ့လျှင် သရက်သီး နှစ်လုံး(ကယ်လိုရီ ၁၀၀ ခန့်)စားသုံးပါက အင်ဆူလင်အဆင့်ကို လျှော့ချပေးနိုင်ပြီး အင်ဆူလင်အာရုံခံနိုင်စွမ်းကို မြှင့်တင်ပေးနိုင်မည်ဟု ဆိုသည်။

အီလီနွိုက်နည်းပညာတက္ကသိုလ်မှ သုတေသီများက အသက် ၂၀ မှ ၆၀ ကြား လူကြီး ၄၈ ဦးကို လေ့လာမှုပြုလုပ်ခဲ့ပြီး သရက်သီးစားသုံးမှုနှင့် ကယ်လိုရီပမာဏတူညီသော အီတလီ ရေခဲမုန့်စားသုံးမှုတို့၏ ရောင်ရမ်းမှုနှင့် အင်ဆူလင်အာရုံခံနိုင်စွမ်း အပေါ်သက်ရောက်မှုကို နှိုင်းယှဉ်လေ့လာခဲ့ခြင်း ဖြစ်သည်။

လေ့လာမှုရလဒ်အရ သရက်သီးစားသုံးသူများတွင် အင်ဆူလင် ခုခံမှုလျော့ကျပြီး ပန်ကရိယ၏ အင်ဆူလင်ထုတ်လုပ်နိုင်စွမ်းနှင့် ထုတ်လွှတ်နိုင်စွမ်းကို ထင်ဟပ်သော ဘီတာဆဲလ်လုပ်ဆောင်မှု သိသာစွာ တိုးတက်လာသည်ကိုလည်းတွေ့ရှိခဲ့ကြောင်း သိရသည်။ (SCI)

## Kim Hyun Joo ကို စတိုင်လ်သစ်နှင့်အတူ အနုပညာပွဲတက်လာသည်ကို တွေ့ရ

ဝါရင့်အနုပညာရှင် ကင်ဟွမ်ဂျူးသည် ပရိသတ်ရှေ့မှကွယ်ပျောက်နေရာမှ စတိုင်လ်သစ်နှင့်အတူ အနုပညာပွဲတစ်ခုသို့ တက်ရောက်လာသည်ကို မြင်တွေ့ရကြောင်း ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။



ပရိသတ် အချစ်တော် လီဆောင်းဦးအဖြစ် အနုပညာစွမ်းရည်ပြည့်ဝခဲ့သော ကင်ဟွမ်ဂျူးက ဇာတ်ကားသစ် Hell Bound 2 အင်တာဗျူးပွဲသို့ တက်ရောက်လာခဲ့သည်။

အဆိုပါဇာတ်ကားတွင်ကင်ဟွမ်ဂျူးနှင့်အတူ မွန်းဂါယောင်းလည်း ပါဝင်မည်ဖြစ်ပြီး ဇာတ်လမ်းတွဲ အပိုင်း(၂) အင်တာဗျူးတွင် ပရိသတ်သိလိုသည်များကို ဖြေကြားပေးခဲ့သည်။

ကင်ဟွမ်ဂျူးမှာ ယခင်စတိုင်လ်ကို ပြောင်းလဲ၍ စတိုင်လ်သစ်နှင့်အတူ ဇာတ်ကားသစ်တွင် ပါဝင်ထား၍ ပရိသတ်များ စိတ်ဝင်တစားဖြစ်နေကြသည်။ (SKY)



## Hyeri ၏ Hyell's Club တွင် Byeon Woo Suk ပါဝင်ပြီး ကြည့်ရှုနှုန်း မြင့်မားခဲ့

အနုပညာမောင်နှမများဖြစ်ကြသည့် ဟယ်ရီနှင့်ဗြောင်းဝူဆွတ်တို့ ခင်မင်ရင်းနှီးမှုရှိခဲ့ကြပြီး ဟယ်ရီ၏ Hyell's Club ရသစုံရှိုးတွင် အတူပါဝင်ခဲ့ရာမှ ပရိသတ်ကြည့်ရှုနှုန်းများစွာ ရရှိခဲ့သည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဟယ်ရီ၊ ဗြောင်းဝူဆွတ်၊ ပတ်ကွမ်ဟေးနှင့် ချိုင်ဝူဆောင်းတို့လေးဦးသား ဇာတ်ကားရိုက်ရင်းခင်မင်ခဲ့ကြပြီး ဟယ်ရီနှင့် ဗြောင်းဝူဆွတ်မှာ Moonshine အပြီး ခင်မင်ရင်းနှီးခဲ့ကြ၍ သူတို့လေးဦးကို Acting Study Group ထဲအတူမြင်တွေ့ကြရသည်။

ဟယ်ရီ၏ အလုပ်ကြိုးစားပုံများကို ဗြောင်းဝူဆွတ်က ချီးမွမ်းထားပြီး နှစ်ဦးသားမောင်နှမကဲ့သို့ ခင်မင်ခဲ့ကြရာမှ Hyell's Club တွင် ဗြောင်းဝူဆွတ် ပါဝင်ထားသည့်အပိုင်းမှာ ပရိသတ်အားပေးမှုမြင့်မားစွာ ရရှိထားသဖြင့် အောင်မြင်မှု ရရှိခဲ့သည်။ (SKY)

## Kraven The Hunter ကို BBFC တွင် ၁၅နှစ်အောက် မကြည့်ရဟု သတ်မှတ်ထား

ဒါရိုက်တာ ဂျေစီချန်ဒိုရာ ရိုက်ကူးထားသည့် Kraven The Hunter ရုပ်ရှင်သည် ရက်စက်ကြမ်းကြုတ်၍ သွေးထွက်သံယိုဇာတ်ဝင်ခန်းများနှင့် ကြမ်းတမ်းရိုင်းပြသော စကားအသုံးအနှုန်းများပါဝင်၍ British Board of Film Classification (BBFC) က အသက် ၁၅နှစ် အောက်မကြည့်ရဟု သတ်မှတ်ထားကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အမေရိကန်နိုင်ငံမှ Motion Picture Association (MPA) ၏ ရုပ်ရှင်စံညွှန်းသတ်မှတ်ချက်ဖြစ်သည့် NC-17 စံနှုန်းသည် ယူကေ၏ ၁၅နှစ်နှင့် ညီမျှ၍ ကြည့်ခွင့်မပြုခဲ့ခြင်းဖြစ်သည်။




အမေရိကန်တွင် အသက် ၁၈ နှစ်အောက်ကြည့်ခွင့် မပြုခဲ့သော အဆိုပါ ရုပ်ရှင်ဇာတ်ကားကို ကမ္ဘာတစ်ဝန်း လွှန်ခဲ့သည့်လက ရုံတင်ပြသခဲ့ရာ မျှော်မှန်းထားသလောက် အောင်မြင်မှုရရှိခဲ့ခြင်း မရခဲ့ချေ။ (SKY)

## Hwan Min Hyun ပါဝင်သည့် Study Group ဇာတ်ကားလူကြိုက်များ

ကေပေါ့ပ်အဆိုတော်၊ သရုပ်ဆောင်ဟွမ်မင်ဟွန်းပါဝင်ထားသည့် Study Group ဇာတ်ကားမှာ လူငယ်များကြားလိုအပ်နေသည့် စာကျက်အဖွဲ့အကြောင်း ရိုက်ကူးထားပြီး ဆန်းပြားသော တင်ပြမှုကြောင့် လူကြိုက်များနေသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဇာတ်လမ်းတွဲတွင် သပ်ရပ်သော အသွင်အပြင်နှင့် မျက်မှန်တပ်ထားလေ့ရှိသည့် ကျောင်းသားလေးမှာ အမှတ်အောက်ဆုံးဆင့်သာရနေသော်လည်း တိုက်ခိုက်ရေးတွင် ကျွမ်းကျင်သူဖြစ်သည်။

စာကြမ်းပိုးဖြစ်လာသော လူငယ်လေးက သူ့အဆင့်တက်လာရန် စာအတူကျက်မည့် စာကျက်အဖွဲ့ကိုဖွဲ့စည်းပြီး အဖွဲ့ဝင်တစ်ဦး ဒုက္ခရောက်သည့်အခါတိုင်း ဝင်တိုက်ခဲ့ပေးပြီး စာကျက်အဖွဲ့ကို ဆရာမနှင့်အတူ ဆက်လက်ထိန်းသိမ်းရန် ကြိုးစားပုံကို ရိုက်ကူးထားသည့် နာမည်ကြီးကာတွန်းဇာတ်လမ်းဖြစ်၍ ချာဝူမင်း၊ ယင်းဇာတ်ကားတွင် ဟွမ်မင်ဟွန်း၊ ဟာဂျီအွန်းတို့ အဓိကပါဝင်ပြီး မင်းသားချောဟွမ်မင်ဟွန်းကို ဝေဖန်ထားသူများ အက်ရှင်ဒရမ်မာဇာတ်ကားတွင် အထင်နှင့်အမြင်လွဲမှားခဲ့ကြရသည်ကို တွေ့ရသည်။ (SKY)

## JacobElordi အပါအဝင် အနုပညာရှင်များကို American Psycho ရုပ်ရှင်သစ်အတွက်ရွေးထား



ဒါရိုက်တာ လူးကပ်ဂါဒါနီနို၏ American Psycho ဇာရှင်းကို ရွေးချယ်ထားရာ ဂျာကော့အီလိုရ်ဒီ အပါအဝင် စာရင်းဝင်များကို ဖော်ပြပေးထားကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါရုပ်ရှင်နှင့် လိုက်ဖက်မည့်သရုပ်ဆောင်များကို ဗရိုက်တီးမဂ္ဂဇင်းမှ စုစည်းဖော်ပြပေးထားရာ ထိပ်ဆုံး၌ ဂျာကော့အီလိုရ်ဒီ၊ ဖင်န်ဝစ်ထရော့ခ်၊ ဟာရစ်ဒစ်ကီ ဆန်ဒရူစတော့ကီနှင့် မာဂရက်ကွာလေးတို့ ပါဝင်ထားကြသည်။

အူဘာရီပလာဆာ၊ ဒွေ့ပါတယ်၊ ဗီပေါလ်တာ၊ မေရီဂျက်ဆင်တို၊ ကော့ပါးကော့ချ်နှင့် လူဆီယမ် လာဗစ်ကောထ်တို့အနက် ဒါရိုက်တာ လူးကပ်ဂါဒါနီနိုက မည်သူ့ကိုရွေးချယ်မည်ဆိုသည်ကို ပရိသတ်စိတ်ဝင်စားနေကြသည်။ (SKY)

# မှော်ဘီမြို့နယ်နှင့် မဟာအောင်မြေမြို့နယ်တို့ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် မတ် ၁၅

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ဓမ္မရေအေးကံကလေးကျေးရွာအုပ်စုရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ ကံကလေးကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၂၁ ပါးနှင့် ဒေသခံပြည်သူ ၁၄၀ တို့အား အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

အလားတူ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် သံလျက်မှော်အနောက်ရပ်ကွက်နှင့် ပတ်ဝန်းကျင်ရပ်ကွက်များရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား အဆိုပါရပ်ကွက်ရှိ ရန်မျိုးလုံပေါ်တော်မူမြတ်စွာဘုရားဓမ္မာရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၈၁ ပါးနှင့် ဒေသခံပြည်သူ ၁၅၃ ဦးတို့အား သွေးတိုးရောဂါ၊ အဆစ်အမြက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ ကလေးရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ကျန်းမာရေးအသိပညာပေး ဟောပြောဆွေးနွေးခြင်းများ ဆောင်ရွက်ပေးကာ ဆေးရုံတက်ရောက်



ကုသရန် လိုအပ်သူများအား နယ်မြေခံတပ်မတော် ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတပ်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့အကြောင်း အသိပညာပေးဆွေးနွေးပွဲ(Talk Show) ကျင်းပ

**တောင်တွင်းကြီး မတ် ၁၅**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ပြည်သူအသိပညာပေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိရာ လူသားမျိုးနွယ်ကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်း တင်သွင်းနိုင်ရေး ကြိုးစားဆောင်ရွက်နေသည့် မြန်မာ့သနပ်ခါးယဉ်ကျေးမှု ဓလေ့အကြောင်း အသိပညာပေးဆွေးနွေးပွဲ (Talk Show)ကို ယမန်နေ့ ညနေ ၄ နာရီက မြို့နယ်ပြည်သူ့စာကြည့်တိုက် လူထုအခြေပြုဗဟိုဌာန (Community Centre)တွင် ကျင်းပသည်။




အဆိုပါ အသိပညာပေး Talk Show တွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမိုးမိုးမြင့်က မိတ်ဆက်စကားပြောကြားပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန၊ ကမ္ဘာ့အမွေအနှစ်ဒေသများဌာနခွဲ၊ ဗိဿနိုးဌာနစုမှ တာဝန်ခံဒုတိယညွှန်ကြားရေးမှူး ဦးခင်ဇော်က လူသားမျိုးနွယ်ကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်ဖြစ်သည့် မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့အကြောင်း၊ မြန်မာ့သနပ်ခါးကို ရရှိအသုံးပြုသည့် နည်းလမ်းများအကြောင်း၊ မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့ကို ကမ္ဘာ့ဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ်စာရင်းတင်သွင်းနိုင်ရေးဆောင်ရွက်နေသည့် အခြေအနေများ၊ မြန်မာ့သနပ်ခါးယဉ်ကျေးမှု ဓလေ့ကို ယူနက်စကို အသိအမှတ်ပြုစာရင်းတင်သွင်းခြင်းအားဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့ ရေရှည်တည်တံ့စေရန် ထိန်းသိမ်းစောင့်ရှောက်ရမည့်အကြောင်းအရာများနှင့်ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်းဆွေးနွေးသည်။

ပြည်သူများ မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့နှင့် ပတ်သက်၍ လေ့လာသိရှိရန်အတွက် အဆိုပါ အသိပညာပေးဆွေးနွေးပွဲ (Talk Show) အပြည့်အစုံကို တောင်တွင်းကြီးမြို့နယ် ပြည်သူ့စာကြည့်တိုက် page တွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(ဝဲပုံ)

**နောင်နောင် (ဗိဿနိုးမြေ)**

# မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲ ကျင်းပ

**စဥ့်ကိုင် မတ် ၁၅**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဥ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကျောက်ဆည်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့ ပူးပေါင်းပြီး ထန်းသုံးပင်ကျေးရွာ၌ မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေးဟောပြောပွဲကို မတ် ၁၁ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာ ဓမ္မာရုံ၌ ကျင်းပသည်။

ရှေးဦးစွာ စဥ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မိမိအောင်က ကျေးရွာနေပြည်သူများ သန့်ရှင်းသောသဘာဝပတ်ဝန်းကျင်နှင့် ကောင်းမွန်သော လူနေမှုစနစ်များ ရရှိစေရန် ကျေးရွာများ၌ အမှိုက်ကန်များ ဆောင်ရွက်ထားရှိပြီး အမှိုက်များ စနစ်တကျ စွန့်ပစ်ရေး၊ ကျေးရွာဝန်းကျင် သန့်ရှင်းရေးလုပ်ငန်းများ စုပေါင်းဆောင်ရွက်ရေး၊ သစ်တောသစ်ပင်များ ကာကွယ်ထိန်းသိမ်းရေး စသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ သိကောင်းစရာများကို ဆွေးနွေးဟောပြောသည်။

ကျောက်ဆည်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်စိုးစံက သဘာဝပတ်ဝန်းကျင် ကာကွယ်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှု ဂေဟစနစ်များ ကောင်းမွန်စေရေးအတွက် ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်ရမည့် မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေးအကြောင်း သိကောင်းစရာများ ကို ဆွေးနွေးဟောပြောသည်။

ထို့နောက် တက်ရောက်လာသည့် ကျေးရွာရပ်မိ၊ ရပ်ဖများနှင့် ကျေးရွာသူ၊ ကျေးရွာသားများက မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေးဆိုင်ရာ ဆွေးနွေးဟောပြောသည့် အကြောင်းအရာများနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့ပြီး အသိပညာပေး လက်ကမ်းစာစောင်များကို အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(၄၄၅)





# ပန်းတိုင်အထွက်နှုန်းရရှိရေး တောင်သူနည်းပညာပေး သင်တန်းဖွင့်လှစ်

**တံတားဦး မတ် ၁၅**

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးခရိုင်၊ တံတားဦးမြို့နယ်တွင် စိုက်ပျိုးရေးဦးစီးဌာနမှ တောင်သူများ နှမ်းသီးနှံများ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး တောင်သူနည်းပညာပေး သင်တန်းကို ယမန်နေ့ နံနက်၉ နာရီက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးတွင် ကျင်းပသည်။ **(အပေါ်ပုံ)**

သင်တန်းဖွင့်ပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကနေဒီထွန်းက တောင်သူများအနေဖြင့် နှမ်းသီးနှံများကို စိုက်ပျိုးရာတွင် မျိုး၊ မြေ၊ ရေများကို စနစ်တကျ ဆောင်ရွက်မှသာ သီးနှံများ အောင်မြင်မည်ဖြစ်ကြောင်း၊ ထို့အပြင် မိမိတို့ စိုက်ပျိုးထားသောသီးနှံများ အောင်မြင်ဖြစ်ထွန်းနိုင်ရေးအတွက် မြေပြုပြင်ခြင်းလုပ်ငန်းများ၊ ပိုးမွှားအန္တရာယ် ကင်းရှင်းရေး လုပ်ငန်းများ၊ ရိတ်သိမ်းခြွေလှေ့ရာတွင် အလေအလွင့်မရှိရေးနှင့် စနစ်တကျသိုလှောင်ရေး လုပ်ငန်း စသည်တို့လည်း အလွန်ပင် အရေးကြီးကြောင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက တောင်သူ နည်းပညာပေးလုပ်ငန်းများကို ကျေးရွာများအရောက် ကွင်းဆင်း ဆောင်ရွက်လျက်ရှိကြောင်း အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန သီးနှံများစိုက်ပျိုးရန် မျိုး၊ မြေ၊ ပိုး လုပ်ငန်းများကို တာဝန်ယူဆောင်ရွက်သည့် ဝန်ထမ်းများက အလှည့်ကျသင်ကြားပေးကြပြီး တက်ရောက်လာကြသည့် တောင်သူများက မရှင်းလင်းသည်များကို အသီးသီး ဆွေးနွေးတင်ပြကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးပြီး တောင်သူနည်းပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးကြသည်။

အဆိုပါ သင်တန်းသို့ တံတားဦးမြို့နယ်မှ နှမ်းသီးနှံများ စိုက်ပျိုးကြမည့် မီးသွေးတိုက်ကျေးရွာ၊ ပြုကန်ကျေးရွာ၊ ထန်းပေါက်ကုန်းကျေးရွာနှင့် မိုးနံ့ခြုံကျေးရွာတို့မှ တောင်သူများနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ တက်ရောက်ကြကြောင်း သိရသည်။

**ရဲတင့်**



# မန္တလေးဈေးကွက်သို့ ကင်ပွန်းချဉ်များ စတင်ဝင်ရောက်

**မန္တလေး မတ် ၁၅**

မန္တလေးဈေးကွက်အတွင်းသို့ ကင်ပွန်းချဉ်များ မတ်လဆန်းမှစ၍ ဝင်ရောက်လာပြီ ဖြစ်သည်။

ကင်ပွန်းချဉ်ပင်သည် ဆူးပါသော အပင်မျိုးဖြစ်သည်။ နေရာဒေသမရွေး ရှင်သန်ဖြစ်ထွန်းသည်။ ယခင်က မိမိအိမ်ခြံစည်းရိုး၊ လယ်ကန်သင်းရိုးများတွင် တစ်ပိုင်တစ်နိုင်စိုက်ပျိုးရာမှ ယခုအခါ ဧကအလိုက် စီးပွားဖြစ် စိုက်ပျိုးလာကြသည်။

ဆောင်းရာသီရောက်လျှင် ဆောင်းရာသီစာများဖြစ်ကြသော မုန်ညင်း၊ ကိုက်လန်၊ ပန်းမုန်လာများ ထွက်ပေါ်တတ်သလို နွေဦးရာသီရောက်လျှင် နွေဦးရာသီစာ ကင်ပွန်းချဉ်ရွက်ပဲကြီး၊ မရမ်းသီး၊ ဝွေးတောက်ရွက်၊ ဆူးပုတ်ရွက်၊ မန်ကျည်းရွက် စသည်ဖြင့် နွေဦးရာသီစာများ ထွက်ပေါ်လျက်ရှိသည်။

ပဲကြီးဟင်းချိုတွင် ဆူးပုတ်ရွက်ခတ်ပြီး မရမ်းသီးထောင်းကယခုရာသီအတွက် လိုက်ဖက်ညီသော ထမင်းမြိန်စေသည့် ဟင်းလျာတစ်ခွက်ဖြစ်သည်။ ကင်ပွန်းချဉ်၏ ကင်ပွန်းဖူးဥများကိုလည်း ချဉ်ရည်ဟင်းချက်ပြုတ်၍ စားသောက်ကြသည်။

ကင်ပွန်းချဉ်သည် အသည်းအတွက် အစွမ်းထက်အသုံးဝင်သည်။ ကင်ပွန်းရွက်ဟင်းချိုသည် ကိုယ်တွင်းအပူကို ငြိမ်းစေပြီး ဆီးရွှင်စေသည်။ ဈေးကွက်အတွင်း ကင်ပွန်းချဉ်ရွက် ၁၀ ကျပ်သားလျှင် ငွေ ကျပ် ၁၀၀၀ ဖြင့် ရောင်းချလျက်ရှိကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်-၆)**

# (၂၈)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်နေ့အခမ်းအနား ကျင်းပ (၇၅)နှစ်အထက် သက်ကြီးသမားတော်များအား ဂါရဝပြုကန်တော့

**မန္တလေး မတ် ၁၅**

၂၀၂၅ခုနှစ် (၂၈)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်နေ့အခမ်းအနားကို 'ပညာရှင်ရှေးသမားကျေးဇူးတရား မမေ့ငြား' ပညာရှင်တိုင်းရင်းဆေးသမားတော်ကြီးများအား ဦးထိပ်ထားလျက် မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း(မန္တလေးတိုင်းဒေသကြီး)က ကြီးမှူး၍ မတ် ၁၃ရက်(တပေါင်းလပြည့်)နေ့ နံနက် ၉ နာရီက မန္တလေး အောင်မြေသာစံမြို့နယ် အဘယာရာမမိုးထိကျောင်းတိုက် ဝေယံဘုံကျော်ကျောင်း ဓမ္မာရုံတွင် ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီအဖွဲ့ဝင်များ၊ မန္တလေးတိုင်းရင်းဆေးတက္ကသိုလ် ပါမောက္ခချုပ်၊ မန္တလေးတိုင်းဒေသကြီး တိုင်းရင်းဆေးပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ တိုင်းရင်းဆေးရုံအုပ်ကြီးနှင့် မြို့နယ်တိုင်းရင်းဆေးမှူးများ၊ မန္တလေးတိုင်းဒေသကြီးနှင့် ခရိုင်တိုင်းရင်းဆေးဆရာအသင်းဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ တိုင်းရင်းဆေးဆရာများ တက်ရောက်ကြသည်။

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဖွင့်လှစ်ပြီး တိုင်းရင်းဆေးသမားတော်များက နဝရတ်ကတိသစ္စာရွတ်ဖတ်ကြပြီး မန္တလေးတိုင်းဒေသကြီး တိုင်းရင်းဆေးဆရာအသင်းဥက္ကဋ္ဌ ဦးတင်ဝင်းနိုင်က မြန်မာ့တိုင်းရင်းဆေးသမားတော်နေ့အတွက် မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း (ဗဟို)မှပေးပို့သော သဝဏ်လွှာကို ဖတ်ကြားသည်။ ဆက်လက်၍ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီနာယက ဦးမြင့်လွင်က မြန်မာ့တိုင်းရင်းဆေးသမားတော်နေ့အကြောင်း သိမှတ်စရာများ မျှဝေသည်။ ထို့နောက် မြန်မာ့တိုင်းရင်းသမားတော်နေ့ ဂုဏ်ပြုရတုပုဒ်စုံအား သီကျူးခြင်း၊ အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်၍ ဘဏ္ဍာရေးမှူး ဦးသိုက်ထွန်းက ငွေစာရင်းရှင်းတမ်းဖတ်ကြားသည်။

ထို့နောက် သက်ကြီးသမားတော်ကြီးများအား ဂါရဝပြုကန်တော့ကြပြီး ကန်တော့ပစ္စည်းများ ပေးအပ်သည်။ ကန်တော့ခံသမားတော်ကြီးများကိုယ်စား ပါမောက္ခဒေါက်တာ ဦးမိတ်က သြဝါဒစကား ပြောကြားသည်။ ထို့နောက် တက်ရောက်လာသော သက်ကြီးသမားတော်ကြီးများနှင့် ဧည့်သည်များအား နေ့လယ်စာဖြင့် ဧည့်ခံကျွေးမွေးကြကြောင်း သိရသည်။ **(အောက်ပုံ)**

**(၀၄၅)**



# ပြောင်းသီးနှံ စိုက်ပျိုးနည်း

မြန်မာနိုင်ငံတွင် ပြောင်းသီးနှံသည် ဆန်စပါးပြီးလျှင် ဒုတိယအရေးပါသော သီးနှံများမှတစ်ခုဖြစ်သည်။ ပြောင်းသီးနှံကို မြန်မာနိုင်ငံတွင် စိုက်ဧကစုစုပေါင်း ၁ သန်း မှ ၁ ဒသမ ၂ သန်းကျော်ခန့် စိုက်ပျိုးကြသည်။ စိုက်ဧကစုစုပေါင်း၏ ၅၅ ရာခိုင်နှုန်းခန့်ကို ရှမ်းပြည်နယ်တွင်စိုက်ပျိုးကြပြီး အခြားအဓိက စိုက်ပျိုးသော ဒေသများမှာ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့ဖြစ်သည်။

**မြေအမျိုးအစား**

မြေအမျိုးအစားမရွေး စိုက်ပျိုးနိုင်သော်လည်း မြေစေးမဆန်သော မြေရှုနှင့် သဲမဆန်သော မြေအမျိုးအစား ဖြစ်သင့်သည်။ ရေမဝပ်၊ စိမ့်မစွဲသောမြေ၊ အစိုဓာတ်ထိန်းနိုင်သောမြေ၊ သစ်ဆွေးဓာတ် ကြွယ်ဝသောမြေ၊ နုန်းမြေ၊ နုန်းစနယ်မြေမျိုးကို ကြိုက်နှစ်သက်သည်။ မြေချဉ်ငန်ဓာတ် ၆-၆ ဒသမ ၈ အတွင်း အကောင်းဆုံး စိုက်ပျိုးနိုင်သည်။

**ရာသီဥတု**

အပူချိန် ၆၀-၉၅ ဒီဂရီဖာရင်ဟိုက်ရှိသော အခြေအနေတွင် ပြောင်း ဖြစ်ထွန်းနိုင်သည်။ နေ့အပူချိန် ၅၅ ဒီဂရီဖာရင်ဟိုက်အောက် ကျဆင်းသောရာသီတွင် စိုက်ပျိုး၍ မရပါ။ အပူချိန် ၇၀-၇၅ ဒီဂရီဖာရင်ဟိုက်ရှိသော ရာသီဥတုကို ကြိုက်နှစ်သက်သည်။ ညအပူချိန် ၆၅ ဒီဂရီဖာရင်ဟိုက်အထက်ရှိသော ရာသီကို ကြိုက်သည်။ ယင်းအပူချိန်ထက်အေးသော ဒေသတွင် မစိုက်သင့်ပါ။

**စိုက်ပျိုးချိန်**


နေ့အပူချိန် ၆၅-၉၀ ဒီဂရီဖာရင်ဟိုက်ရှိသောလတွင် စတင်စိုက်ပျိုးပါ။ အပင်သက်တမ်း ၁၀၀-၁၂၀ ရက်အတွင်း ယင်းအပူချိန် ပုံမှန်ရှိသင့်ပါသည်။ ပုံမှန်အားဖြင့် ပြောင်းစိုက်ပျိုးဧရိယာစုစုပေါင်း၏ ၈၅ ရာခိုင်နှုန်းဝန်းကျင်ကို မိုးသီးနှံအဖြစ် မေလနှင့် ဇွန်လတွင် စိုက်ပျိုးကြပြီး အောက်တိုဘာလ၊ နိုဝင်ဘာလများတွင် ရိတ်သိမ်းကြသည်။ စိုက်ဧရိယာ၏ ကျန် ၁၅ရာခိုင်နှုန်းကို နိုဝင်ဘာလမှ ဒီဇင်ဘာလအတွင်း ဆောင်းယာသီးနှံအဖြစ် စိုက်ပျိုး၍ မတ်လနှင့် ဧပြီလတွင် ရိတ်သိမ်းကြသည်။

**မြေပြုပြင်ခြင်း**

ပြောင်းစိုက်မည့် မြေကွက်အား ကြိုတင်ထယ်ရေးပြင်ထားရသည်။ ယခင်သီးနှံအကြွင်းအကျန်များနှင့် ပေါင်းမြက်များ ထယ်စာခဲအောက်မြုပ်စေခြင်းဖြင့် မြေဆွေးဓာတ်များရစေပြီး ပေါင်းမြက်ပေါက်မှု သက်သာစေသည်။ ပြောင်းစိုက်ခါနီး ထယ်ရေးမပြင်မီတွင် သစ်ဆွေး၊ နွားချေးဆွေးများ ထည့်ပြီးမှ မြေပြင်ပါ။ ထယ် ၁-၂ စပ် နှင့် ထွန် ၂-၄ စပ်မြေအမျိုးအစား အနေအထား အရပြုပြင်ပါ။

**စိုက်နည်းစနစ်**

ပြောင်းသည် လေဖြင့် ဝတ်မှုန်ကူးသောအပင်ဖြစ်၍ အတန်းများအား လေသွားလမ်းကြောင်းကို ကန့်လန့်ဖြတ်၍ ထားသင့်သည်။ အတန်းကြား ၂၄-၃၀ လက်မ၊ အပင်ကြား ၈-၁၂ လက်မတွင် တစ်ကျင်း တစ်ပင် ချန်ထားပြီး စိုက်ပါ။ မျိုးနှင့်စိုက်စနစ် ကွဲပြားသည်နှင့်အမျှ အတန်းကြား၊ အပင်ကြား ကွာခြားနိုင်သည်။ တစ်ဧကအပင် ဦးရေ ၁၇၀၀၀ မှ ၂၄၀၀၀ ပင် ဝင်အောင်စိုက်ပါ။



**ရေပေးသွင်းခြင်း**

ပြောင်း တစ်ရာသီ အပြည့်အဝကြီးထွားဖြစ်ထွန်းစေရန် လုံလောက်သော မိုးရေမရပါက (သို့မဟုတ်) ရေသွင်းစိုက်ပါက ၂၀၊ ၄၀၊ ၆၀၊ ၈၀၊ ၁၀၀ ရက်သားများတွင် ရေပေးသွင်းပါ။ တစ်ကြိမ်နှင့်တစ်ကြိမ် တိုးပြီး ရေပေးသွင်းပေးသင့်ပါသည်။

**မြေဩဇာကျွေးခြင်း**

မြေခံအဖြစ် တစ်ဧကလျှင် ကွန်ပေါင်း(၁၇း၈း၈+၁၅S) တစ်အိတ်နှင့် ဂျစ်ပ်ဆမ် တစ်အိတ်နှုန်း ရောစပ်၍ ကျွေးပါ။ ၂၀-၂၅ ရက်သားဘောင်လုံးချိန်တွင် တစ်ဧကလျှင် ပုလဲ(၁/၂) အိတ်နှုန်း ထည့်သွင်းပေးရပါမည်။

**ပေါင်းမြက်နှိမ်နင်းခြင်း**

ပြောင်းစိုက်ခင်းအတွင်းပေါက်နေသော ပေါင်းမြက်များအား ပေါင်းသတ်ဆေးများဖြင့် ရည်ညွှန်းပါအတိုင်း နှိမ်နင်းပါ။ ပေါင်းသတ်ဆေးအား ပေါင်းပင်အရွက် ၃-၅ ရွက်ထွက်ချိန် အသုံးပြုပေးရန်ဖြစ်သည်။

**ပိုးမွှားရောဂါများ ကာကွယ်နှိမ်နင်းခြင်း**

ပြောင်းအပင်ငယ်စဉ်တွင် ပင်ဖြတ်ပိုးကျရောက်တတ်ပြီး ပိုးသတ်ဆေးများဖြင့် ကြိုတင်ကာကွယ်နှိမ်နင်းနိုင်ပါသည်။ ဖောင်မြှောင်တောင်နှင့် ရွက်စားပိုးအမျိုးမျိုးအတွက် စိုက်ပျိုးရေးဌာနမှ ရည်ညွှန်းသော ပိုးသတ်ဆေးများကို အသုံးပြုပေးနိုင်သည်။

ရောဂါမှာ ဘက်တီးရီးယားရွက်ခြောက်ရောဂါကျတတ်ပြီး ဘက်တီးရီးယားကာကွယ်ဆေးများပက်ဖျန်း၍ ကာကွယ်နှိမ်နင်းပေးရပါမည်။

**ရိတ်သိမ်းခြင်း**

စိုက်ပျိုးပြီး လေးလခန့်တွင် ရိတ်သိမ်းနိုင်ပြီး ဒေသအလိုက် ရိတ်သိမ်းချိန်များ ကွဲပြားနိုင်သည်။ မြေခံမှစ၍ ဓာတ်မြေဩဇာများ စနစ်တကျအသုံးပြုပြီး ပိုးမွှားရောဂါကင်းစင်ပါက ပြောင်းအတွက် ပိဿာ ၂၀၀၀ မှ ၂၅၀၀ အထိ ထွက်နိုင်သည်။

**အောင်မြင့်မြတ်(စိုက်ပျိုးရေးသတင်းထောက်)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး
(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေး။
(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး
(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြှင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။
(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။
(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ စာမတတ်သူသည် ထိုင်နေသည့်လူနှင့်တူ…
❖ စာတတ်ပြီး စာမဖတ်သည့်သူမှာ ရပ်နေသည့်လူနှင့်တူ…
❖ စာတတ်ပြီး စာလည်းဖတ်သည့်သူမှာတော့ လမ်းလျှောက်နေသည့်သူနှင့်တူ…
❖ လူငယ်များအပါအဝင် ပြည်သူများ စာဖတ်ကြစေရန် မိမိတို့အားပေးကြရမည်ဖြစ်…
❖ စာပေလေ့လာဖတ်ရှုနိုင်မည့် ပတ်ဝန်းကျင်များ ဖန်တီးပေးကြရမည်ဖြစ်…

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၃ ရက်နေ့တွင် ပြုလုပ်သော မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များနှင့် တပ်မတော်ဌာနချုပ်များ/တပ်ရင်းတပ်ဖွဲ့ စာကြည့်တိုက်များသို့ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားတွင် တက်ရောက် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# အလားအလာရှိသည့် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ ဖော်ထုတ်ပေးနိုင်မည့် ရန်ကုန်ရင်းနှီးမြှုပ်နှံမှုဖိုရမ် - ၂၀၂၅ ကျင်းပ

ရန်ကုန် မတ် ၁၅

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တို့၏ ဦးဆောင်ကြီးကြပ်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး)၏ အစီအစဉ်ဖြင့် ရန်ကုန်ရင်းနှီးမြှုပ်နှံမှုဖိုရမ်-၂၀၂၅ (Yangon Investment Forum–2025) ကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ Wyndham Grand Yangon Hotel ၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်ရင်းနှီးမြှုပ်နှံမှုဖိုရမ်-၂၀၂၅ အခမ်းအနားကို မြန်မာ့ရိုးရာယဉ်ကျေးမှု အကအလှများဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် ရန်ကုန်တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်တို့က မင်္ဂလာမောင်းကို တီး၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ရန်ကုန်တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးကျော်ဒေဝနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမင်းဇော်ဦးတို့က အမှာစကားများ ပြောကြားကြသည်။

ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် ရန်ကုန်တိုင်းဒေသကြီးသည် နိုင်ငံ၏ စီးပွားရေးမောင်းနှင်မှုအတွက် အရေးပါသော ဒေသတစ်ခုဖြစ်သည့်အပြင် ရင်းနှီးမြှုပ်နှံရန် အကောင်းဆုံးဒေသများထဲမှ တစ်ခုဖြစ်ကြောင်း၊ MSME လုပ်ငန်းများသည် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းကြီးများနှင့် ချိတ်ဆက်မှုရရှိပြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအပေါ် ထိရောက်စွာ ပံ့ပိုးပေးနိုင်သည့်လုပ်ငန်း (Supporting Industries) များအဖြစ် ချိတ်ဆက်မှုများရရှိကာ ထုတ်လုပ်မှုကွင်းဆက်ကောင်းများ ဖြစ်ပေါ်လာရန်လိုအပ်ပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို စတင်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ် အစိုးရများ၏ ပံ့ပိုးကူညီမှုများသည် အရေးကြီးသဖြင့် ရင်းနှီးမြှုပ်နှံမှုများကို ဥပဒေနှင့်အညီ ကူညီပံ့ပိုးပေးရန် အသင့်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီးက ရန်ကုန်တိုင်းဒေသကြီးသည် မြန်မာနိုင်ငံ၏ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင် အားကောင်းသည့်ဒေသတစ်ခုဖြစ်ပြီး လျှပ်စစ်နှင့်စွမ်းအင်လုပ်ငန်း၊ စိုက်ပျိုးရေး၊ စက်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းတို့အပြင် MSMEs လုပ်ငန်းများကို ပိုမိုကောင်းမွန်လာစေရေးကို ပေါင်းစပ်ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။




ယင်းနောက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ နားလည်မှုစာချွန်လွှာများကို သက်ဆိုင်ရာ တာဝန်ရှိသူများက လက်မှတ်ရေးထိုးကြကာ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ခင်းကျင်းပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။ ယနေ့ဖိုရမ်တွင် MSMEs လုပ်ငန်းများ အပါအဝင် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာပြခန်း စုစုပေါင်း ၂၇ ခန်း စိတ်ဝင်စားဖွယ် ခင်းကျင်းပြသခဲ့ကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများကို ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ အတွင်းရေးမှူးက ရှင်းလင်းတင်ပြသည်။

ထို့နောက် စကားဝိုင်းဆွေးနွေးပွဲများကို ဆက်လက်ကျင်းပရာ "Power Investment & EV prospect in Yangon" "Agriculture, Industry and Services in Yangon" နှင့် "Bridging MSMEs & Investment in Yangon" ခေါင်းစဉ်များကို ဆွေးနွေးကြသည်။ ထိုသို့ ဆွေးနွေးရာတွင် လျှပ်စစ်ကဏ္ဍ၊ စိုက်ပျိုးရေး၊ စက်မှုနှင့် ဝန်ဆောင်မှုကဏ္ဍနှင့် MSMEလုပ်ငန်း ကဏ္ဍတို့၏ အခွင့်အလမ်းများကို အစိုးရဌာနများမှ တာဝန်ရှိသူများနှင့် ပုဂ္ဂလိကကဏ္ဍမှ ကျွမ်းကျင်ပညာရှင်များက သက်ဆိုင်ရာ ခေါင်းစဉ်များအလိုက် ပါဝင်ဆွေးနွေးကြသည်။

ယင်းနောက် ဆွေးနွေးခဲ့သည့်ကဏ္ဍ သုံးခုအပေါ် စီးပွားရေးလုပ်ငန်းရှင်များအချင်းချင်း တွေ့ဆုံချိတ်ဆက်ဆွေးနွေးခြင်း (Business Networking & Matching) အစီအစဉ်ကို ဆက်လက်ကျင်းပရာ ဖိုရမ်သို့ တက်ရောက်လာကြသည့်လုပ်ငန်းရှင်များက တက်ကြွစွာ ပါဝင်ဆွေးနွေးကြပြီး ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံသူများအကြား တိုက်ရိုက်စီးပွားရေးချိတ်ဆက်မှုများ ပိုမိုရရှိခဲ့ကြသည်။

အဆိုပါဖိုရမ်ကို ရန်ကုန်တိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် အလားအလာရှိသည့် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ ဖော်ထုတ်ပေးရန်၊ ပြည်တွင်း အသေးစား၊ အငယ်စား၊ အလတ်စား (MSME) စီးပွားရေးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းကြီးများအကြား ဆက်သွယ်ချိတ်ဆက်လာနိုင်စေရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ပြီး ဖိုရမ်၏ ဆောင်ပုဒ်မှာ "Sustainable Growth, Smart Investment: The Future of Yangon" "စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု၊ ကောင်းမွန်သောရင်းနှီးမြှုပ်နှံမှုနှင့် ရန်ကုန်၏ အနာဂတ်" ဟူ၍ ဖြစ်သည်။

သတင်းစဉ်

# ၂၀၂၅ - ၂၀၂၆ မြန်မာအမျိုးသမီးလိဂ်ပွဲစဉ်တွင် ပြိုင်ပွဲဝင်အသင်း ကိုးသင်း ပါဝင်သွားမည်

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပသွားမည့် ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအတွက် Myanmar Women League ပွဲစဉ်ဇယားအပြင် ပြိုင်ပွဲဝင် အသင်းကိုးသင်းပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

ယခုနှစ် မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်း ကိုးသင်းရှိမည်ဖြစ်ပြီး လက်ရှိချန်ပီယံ ISPE၊ ရန်ကုန်ယူနိုက်တက်၊ ဧရာဝတီအက်ဖ်စီ၊ မြဝတီ၊ သစ္စာအားမာန်၊ ရှမ်းယူနိုက်တက်၊ YREO၊ Young Lioness နှင့် အသင်းသစ် Yangon Royals FC အသင်းတို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ပြိုင်ပွဲ ပထမအကျော့အား ၂၀၂၅ ဧပြီ ၁ ရက်မှ စက်တင်ဘာ ၁၂ ရက်အထိလည်းကောင်း၊ ဒုတိယအကျော့ကို ၂၀၂၅ စက်တင်ဘာ ၁၈ ရက်မှ ၂၀၂၆ ဇန်နဝါရီ ၂၅ ရက်အထိ လည်းကောင်း စလင်းကွင်း၊ ပဒုမ္မာကွင်း၊ YUSC ကွင်းနှင့် ပဒေသာကွင်းတို့၌ ကျင်းပသွားမည်ဖြစ်သည်။

✡ စာမျက်နှာ ၉ သို့